## ၁၊ အကျဉ်းချုပ် နှင့် ဘဏ္ဍာငွေမေတ္တာရပ်ခံချက်

**မေတ္တာရပ်ခံချက်။** ။ ယခုအစီရင်ခံစာသည် ၂၀၀၇ ခုနှစ် ဒုတိယသတ်တမ်းအတွင်း ထိုင်းမြန်မာနယ်စပ်အဖွဲ့၏ လုပ်ငန်းများ အကြောင်းနှင့် ဘဏ္ဍာငွေ မလုံလောက်ခြင်း၊ ထိုင်းဘတ်ငွေတန်ဖိုး တက်လာခြင်း၊ စားသောက်ကုန်ပစ္စည်းဈေးနှုန်းများ အဆမတန် ဈေးတက်လာခြင်းကြောင့် ၂၀၀၈ ခုနှစ်အတွက် လိုငွေပြနေသော ဘဏ္ဍာငွေအား ပြန်လည်ဖြည့်တည်းရန် အတွက် လိုအပ်သော ထပ်လောင်းဘဏ္ဍာငွေ ထိုင်းဘတ် ၁၂၃ သန်း (အမေရိကန်ဒေါ်လာ ၄ သန်း နှင့် ယူရိုငွေ ၃ သန်း) အတွက် တောင်းခံခြင်းလည်းဖြစ်သည်။

**ဒုက္ခသည်ဦးရေ။** ။ TBBC သည် ယခုအစီရင်ခံစာကာလအတွင်း ရိက္ခာထောက်ပံ့ပေးသော ဒုက္ခသည် ဦးရေ ၁၄၆၈၀၇ ဦးမှ ၁၄၁ ၆၀၈ ဦးအထိ ၅၁၉၉ ဦး လျော့ကျခဲ့သည်။ အဓိကအကြောင်းရင်းမှာ တတိယနိုင်ငံများသို့ ထွက်ခွာသွားသော ဒုက္ခသည် ဦးရေ ၁၀၇၉၃ ဦးကြောင့်လည်း ဖြစ်သည်။ ကလေး ၂၈၄၄ ဦးမွေးဖွားခဲ့ပြီး၊ ၂၀၇ ဦးသေဆုံးခဲ့သည်။ လူသစ် ၂၉၅၇ ဦး ရောက်ရှိခဲ့သည်။ သို့သော်လည်း ယင်းကိန်းဂဏန်းများအား ဂရုတစိုက် ကြည့်သင့်သည်။ အကြောင်းမှာ ယခုအစီရင်ခံစာကာလအတွင်း ရိက္ခာထောက်ပံ့ပေးသော ကိန်းဂဏန်းများ တွက်ချက်သော နည်းလမ်းများတွင် အပြောင်းအလဲများ ပြုလုပ်ထားသောကြောင့် ဖြစ်သည်။

**ပြန်လည်အခြေချခြင်း။** ။ ၂၀၀၇ ခုနှစ်တွင် ပြန်လည်အခြေချရန်အတွက် ထွက်ခွာသွားသူ ၁၄၆၃၆ ဦးရှိခဲ့သည်။ ကလေးမွေးဖွားခြင်း နှင့် လူသစ်ဝင်ရောက်ခွင့် ခွင့်ပြုထားသော ၂၀၀၈ ခုနှစ်တွင် အနည်းဆုံး လူပေါင်း ၁၇၀၀၀ ဦး ထွက်ခွာရန် မျှော်လင့်ထားရသဖြင့် ရိက္ခာထောက်ပံ့ပေးရမည့် လူဦးရေ ၁၃၂၀၀၀ ထိ လျော့ကျသွားကောင်း သွားနိုင်သည်။ ပြည်ပထွက်ခွာမှုကြောင့် စခန်းတွင်း စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် သတ်ရောက်မှုမှာ ဆိုးဝါးစွာ ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ ယခုနှစ်အကုန်ပိုင်းတွင် ကျွမ်းကျင်လုပ်သား နှင့် စခန်းတွင်း တာဝန်ရှိသူ ၇၅ ရာခိုင်နှုန်း ခန့်ထွက်ခွာသွားနိုင်သည်ဟု ခန့်မှန်းရသည်။

**ခွင့်ပြုခြင်း။** ။ ၂၀၀၅ ခုနှစ် MOI/ UNHCR က နောက်ဆုံးအကြိမ် မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍ စခန်းများအတွင်း မှတ်ပုံမတင်ရသေးသော လူဦးရေ အရေအတွက်သည် တစစများပြားလာနေသည်။ TBBC ၏ ကနဦးစစ်တမ်းတခုအရ ယခုနှစ်အကုန်ပိုင်းတွင် လူသစ် ၂၀၀၀၀ ဦးခန့်ရှိခဲ့သည်ဟု ခန့်မှန်းရသည်။ ခရိုင်အုပ်ချုပ်ရေး ဘုတ်အဖွဲ့က ၂၀၀၅ ခုနှစ်တွင် စခန်းများအတွင်းရှိ မှတ်ပုံမတင်ရသေးသူများအား မူအားဖြင့် ရှင်းလင်းထုတ်ခဲ့ပြီး ဖြစ်သော်လည်း၊ ထိုအချိန်မှစ၍ အသစ်ဝင်ရောက်လာသူများအား စစ်ဆေးသော ထိရောက်သည့် လုပ်ထုံးလုပ်နည်းများ မရှိသေးပေ။ လတ်တလောအချိန်အထိ TBBC သည် တော်ဝင်ထိုင်းအစိုးရက အဆိုပြုထားသော လူသစ်စစ်ဆေးနည်း အသစ်အား စောင့်ဆိုင်းနေသည့်ကာလအတွင်း စခန်းအတွင်းရှိလူများကို ရိက္ခာထောက်ပံ့ပေးနိုင်သည်။ ရိက္ခာ ထောက်ပံ့ပေး သူများတွင် မှတ်ပုံတင်ထားသူ နှင့် မှတ်ပုံမတင်ထားသူ နှစ်မျိုးစလုံး ပါဝင်သည်။

**၂၀၀၇ ခုနှစ် ဘဏ္ဍာငွေ နှင့် ၂၀၀၈ ခုနှစ် ဘဏ္ဍာငွေလျာထားချက်။** ။ ၂၀၀၇ ခုနှစ် တနှစ်လုံး တင်ပြ တောင်းဆိုမှုများ ပြုလုပ်ခြင်း နှင့် အိုင်ယာလန်နိုင်ငံ၊ ဆီဒင် နှင့် ဗြိတိန်နိုင်ငံတို့မှ သဒ္ဒါထက်သန်သော ထပ်လောင်း ငွေကြေးကူညီမှုများ ရရှိခဲ့သော်လည်း TBBC သည် ပရိုဂရမ်များဆက်လက်လည်ပတ်နိုင်ရန်အတွက် လုံလောက်သော ငွေကြေးလုံလုံလောက်လောက် မရရှိခဲ့ပေ။ အရံဘဏ္ဍာငွေသည် စိုးရိမ်ဖွယ်ရာအဆင့်အထိ ကျဆင်းသွားခဲ့သဖြင့် ပထမဦးဆုံး အကြိမ်အဖြစ် အစားအစာကိုတာအပါအဝင် အခြားဖြတ်တောက်မှုများ ပြုလုပ်ခဲ့ရသည်။ ယခင် ကာလများတွင် TBBC သည် ဘဏ္ဍာငွေများလက်ဝယ်မရရှိသေးသည့်တိုင် ထိုနှစ်အတွင်း အလှူရှင်များထံမှ တုန့်ပြန်ချက်များကို အားကိုးအားထားပြု၍ လုပ်ငန်းများကို ပြည့်စုံစွာ ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ပထမဦးဆုံး အကြိမ်အဖြစ် ထိုကဲ့သို့ဆောင်ရွက်ရန် မဖြစ်နိုင်တော့ သောကြောင့် ၂၀၀၈ ခုနှစ်အတွက် ပို၍ သတိထားရသော နည်းလမ်းများကို ပြဋ္ဌာန်းထားသည်။ အကယ်၍ အပိုဘဏ္ဍာငွေရရှိမည်ဆိုပါက လိုအပ်ချက်များကို ပြန်လည်ဖြည့်တင်းနိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် ၂၀၀၈ ခုနှစ်အတွက် ပရိုဂရမ်များကို ဘတ်ငွေ ၁၂၃ သန်း (အမေရိကန်ဒေါ်လာ ၄ သန်း သို့မဟုတ် ယူရို ၃ သန်း) အထိ လျော့ချလိုက်သည်။ ထိုသို့လျော့ချရမှုကြောင့် ဆပ်ပြာ နှင့် ခြင်ထောင်ဝေငှမှုကို ရပ်ဆိုင်းခဲ့ရသလို အဆောက်အဦ ဆောက်လုပ်ရေးပစ္စည်းခွဲတမ်းများကို အလွန်အမင်းလျော့ချခဲ့ရပြီး လက်တလောရိက္ခာထောက်ပံ့ထားမှုကိုလည်း နိုင်ငံတကာအဟာရဖြည့်တည်းပေးမှုအဆင့်အတန်းဖြင့် မှီသည်ဆိုရုံမျှသာ အဆင့်အထိ လျော့ချလိုက်ရသည်။ ငွေကြေးချွေတာသုံးစွဲမှုအား ဖြစ်နိုင်သမျှ အဖြစ်နိုင်ဆုံး ဆောင်ရွက်နေဆဲဖြစ်ပြီး လုပ်ငန်းအသစ်များကိုလည်း အချိန်ကာလတခုအထိရွှေ့ဆိုင်းထားလိုက်သည်။

**TBBC၏ လုပ်ငန်းများ။** ။ လျော့ချလိုက်ရသော လုပ်ငန်းပရိုဂရမ်များ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် တချိန်တည်းတွင် ပြန်လည်အခြေချမှုကြောင့် ပေါ်ပေါက်လာသော အကျိုးသတ်ရောက်မှုများကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရသဖြင့်TBBC အတွက် အလွန်ခက်ခဲသည့် အချိန်ကာလတခုဖြစ်ခဲ့သည်။ ရိက္ခာထောက်ပံ့ပေးရမည့် လူဦးရေ ကောက်ယူမှု နှင့် ခွဲတမ်းဝေငှပေးမှုများအား ထိန်းချုပ်နိုင်သောလုပ်ထုပ်လုပ်နည်းများ အားကောင်းစေရေးအတွက် အဓိကဦးစားပေးထားဆောင်ရွက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လူဦးရေ အပြောင်းအရွှေ့ အလွန်လျှင်မြန်လှသော ယင်းကာလအတွင်း ၎င်းလုပ်ငန်းများ၏ အသုံးဝင်မှုအပေါ် အလှူရှင်အချို့က စိုးရိမ်ခဲ့ကြသောကြောင့် ဖြစ်သည်။ ၎င်းလုပ်ငန်းတွင် စခန်းတွင်းနေထိုင်သူဦးရေ စစ်တမ်းကောက်ယူခြင်း၊ ခွဲတမ်းခံစားနိုင်ခွင့် အဆင့်အတန်း သတ်မှတ်ချက်အပေါ် သဘောတူညီမှုရယူခြင်း၊ ပိုမိုကောင်းမွန်သော ထိန်းချုပ်မှုလုပ်ထုံးလုပ်နည်းများဖြင့် ပြင်ဆင်ထားသော ခွဲတမ်းစာအုပ်အသစ် ခွဲဝေပေးခြင်းနှင့် လက်ရှိထောက်ပံ့ပေးနေသော ရိက္ခာဦးရေ အတိအကျဖြစ်မှုနှင့် ရိက္ခာထိန်းသိမ်းမှုအတွက် ပိုမိုကောင်းမွန်သော စောင့်ကြည့်ကြပ်မတ်ရေးလုပ်ထုံးလုပ်နည်းများဖြင့် အစားထိုးခြင်း စသည့် လုပ်ငန်းများပါဝင်ခဲ့သည်။ ယင်းလုပ်ငန်းများတွင် TBBC နှင့် ဒုက္ခသည်အရေးဆောင်ရွက်နေသော လုပ်ဖော်ကိုင်ဖက်များ အကြား ဆက်ဆံရေး တင်းမာမှုများဖြစ်ပေါ်ခဲ့ရသည်အထိ အလွန်များမြောင်လှသော တာဝန်တခု ဖြစ်ခဲ့ပြီး လုပ်ထုံးလုပ်နည်း အသစ်များ အသက်ဝင်အားကောင်းလာစေရေးအတွက်လည်း အချိန်ယူခဲ့ရသည်။ သို့သော်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် လူထုအခြေပြုနည်းလမ်းအပေါ် TBBC ၏ ယုံကြည်သက်ဝင်မှုကို ထပ်လောင်းအတည်ပြုရင်း စနစ်ဟောင်းများတွင်လည်း ထူးခြားသော ပြောင်းလဲမှုများ မရှိခဲ့ကြောင်းအား ထပ်လောင်းဖော်ပြလိုက်သည်။ သို့ပင်ငြား ပွင့်လင်းသိသာမှု နှင့် ပါဝင်ဆောင်ရွက်သူအားလုံးအတွက် အကျိုးကျေးဇူးအား ကောင်းမွန်စွာ ထိန်းချုပ်နိုင်သော ၎င်းစနစ်အသစ်များ အပြည့်အဝ အသုံးချနိုင်ပြီဆိုပါက အကျိုးကျေးဇူးများရှိလာမည်မှာ သံသယ ကင်းဖွယ်ဖြစ်သည်။

**စီမံရေးဆွဲခြင်း။** ။ ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ် အတွင်း TBBC ၏ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ရခြင်း၏ အဓိက အကြောင်းရင်းတရပ်မှာ ရေရှည်မဟာဗျူဟာလုပ်ငန်းအတွက် လိုအပ်သော ငွေကြေးပမာဏအား ဖြည့်တည်းပေးရန် အတွက် အလှူရှင်အချို့က စိတ်မဝင်စားသောကြောင့် ဖြစ်သည်။ နိုင်ငံခြားငွေလဲနှုန်း ကျဆင်းနေချိန်နှင့် ကုန်ဈေးနှုန်း တက်လာသောအချိန်တွင်ပင် အချို့သော ငွေကြေးထောက်ပံ့မှုများသည် သတ်မှတ်ထားသည့် နှုန်းထားအတိုင်းပင် ထောက်ပံ့ခဲ့သည်။ နှစ်ပေါင်း ၂၄ နှစ်ကြာ ထောက်ပံ့လာပြီးနောက်တွင် ထိုအလှူရှင်များက ဒုက္ခသည်များသည် ၎င်းတို့ကိုယ် ၎င်းတို့ ပိုမိုအားထားသော အခြေအနေ နှင့် လိုအပ်သော အထောက်အပံ့များ လျော့ကျစေနိုင်သော အခြေအနေများ ပိုမိုရှိလာနိုင်သော အခြေအနေကို မြင်တွေ့လိုကြသည်။ ယင်းကိစ္စရပ်အား မကြာသေးမီက ထုတ်ပြန်ခဲ့သော CCSDPT၊ UNHCR လုပ်ငန်းစုံစီမံကိန်းတွင် ဖြေရှင်းထားပြီးဖြစ်သော်လည်း တိုးတက်မှုများမှာ လွန်စွာနှေးကွေးနေဆဲ ဖြစ်သည်။ ၅ နှစ်တာစီမံကိန်း (နှစ်လတ်စီမံကိန်း) တခုဖော်ဆောင်ရန်အတွက် ဆွေးနွေးပွဲများ စတင်နေပြီဖြစ်သဖြင့် ၂၀၀၈ ခုနှစ်အတွင်းတွင် အလှူရှင်များ၏ ဝေဝေဝါးဝါးဖြစ်မှုများကို ဖယ်ရှားပစ်နိုင်မည်ဟု မျှော်လင့်ထားရပြီး အခြေခံလုပ်ငန်းများသည်လည်း စုပေါင်းမဟာဗျူဟာတခု၏ လုပ်ငန်းဘောင်အတွင်း အထောက်အပံ့ပေးနိုင်မည်ဟု မျှော်လင့်ထားရသည်။

**အလားအလာများ။** ။ မေလတွင် အခြေခံဥပဒေမူကြမ်းတခုအတွက် လူထုဆန္ဒခံယူပွဲတခုကျင်းပမည်ဖြစ်ပြီး ၂၀၁၀ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲတခုကျင်းပမည်ဟု နအဖက မကြာသေးမီက ထုတ်ပြန်ကြေငြာထားသော်လည်း မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီပြန်လည်ထွန်းကားရေး နှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာခြင်းများအတွက် မျှော်လင့်ချက်မှာ နည်းပါးနေသေးသည်။ ယင်းနိုင်ငံရေးဖြစ်စဉ်အတွင်း နိုင်ငံရေးအတိုက်အခံများနှင့် တိုင်းရင်းသား လူမျိုးစုများ၏ စစ်မှန်သော အသံများ ထုတ်ဖော်ပြောဆိုခွင့်မရှိ၊ ဒေါ်အောင်ဆန်းစုကြည်သည် အကျယ်ချုပ်ဘဝဖြင့် ဆက်လက်ရှိနေခြင်း၊ စက်တင်ဘာလူထုအုံကြွမှုတွင်ပါဝင်ခဲ့သူများဆက်လက်အဖမ်းခံနေရခြင်း နှင့် တိုင်းရင်းသား ပြည်သူများ အိုးအိမ်မဲ့ဘဝသို့ ပို၍ရောက်စေပြီး ထိုင်းနိုင်ငံအတွင်းသို့ ဒုက္ခသည်အသစ်များ ဆက်လက် ဝင်ရောက်လာနေရသည့် နယ်စပ်ဒေသများတလျှောက် မြန်မာစစ်တပ်၏ ရက်စက်သော စစ်ရေးတိုးချဲ့မှုများ ဆက်လက် လုပ်ဆောင်နေခြင်း နှင့် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးဆွဲနေခြင်း စသည့်ကိစ္စရပ်များ ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်သည်။

မကြုံစဖူးဒုက္ခသည်ဦးရေအရေအတွက် များပြာလာသောကြောင့် တတိယနိုင်ငံများသို့ ပြန်လည်အခြေချမှုကို ခေတ္တရပ်ဆိုင်းလိုက်ရသောကြောင့် မြန်မာနိုင်ငံအတွင်း စစ်မှန်သော အပြောင်းအလဲများ မဖြစ်ပေါ်သရွေ့ မည်သို့သော ရေရှည်ခံ

အဖြေတခုမှ မထွက်ပေါ်လာနိုင်ပေ။ နှစ်ပေါင်းများစွာကြာ ထောက်ပံ့ပေးနေကြသော အလှူရှင်များအား ၎င်းတို့၏ အထောက်အပံ့များအတွက် TBBC က နှစ်ထောင်းအားရဖြစ်မိသည်။ အတိုင်းအတာတခုအထိ ဖြစ်နိုင်သမျှ ဒုက္ခသည်များအတွက် အထောက်အပံ့ ဝန်ထုတ်ဝန်ပိုးများ လျှော့ချရေးအတွက်လည်း TBBC က သံဓိဌာန်ပြုထားသည်။ သို့သော် လွန်စွာ မတည်ငြိမ်သော၊ မျှော်မှန်း၍မရသော အချိန်ကာလတွင် အကာအကွယ်မဲ့နေသော၊ နှစ်ကာလရှည် ဒုက္ခရောက်နေသော လူထုအတွက် မရှိမဖြစ် အကူအညီအဆင့်တခုအတွက် လိုလောက်သော အရင်းအမြစ်များ ဆက်လက်ကူညီပေးကြရန်နှင့် စိတ်ရှည်ကြရန်ကို ကျွန်ုပ်တို့က ဤနေရာမှ မေတ္တာရပ်ခံလိုက်ရပါသည်။

## ၁။ ၂၀၀၇ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ဒုက္ခသည်များအခြေအနေ

နောက်ဆက်တွဲ (စ) တွင် မြန်မာနိုင်ငံနယ်စပ်အခြေအနေ သမိုင်းအကျဉ်းချုပ်ကို ဖေါ်ပြထားသည်။

### (က) ဒုက္ခသည်ဦးရေ

**စခန်းအတွင်းလူဦးရေ။** ။ ယခင်အစီရင်ခံစာများတွင် မွေးဖွားခြင်း၊ သေဆုံးခြင်း၊ အသစ်ရောက်ရှိလာခြင်း နှင့် ထွက်ခွာသွားခြင်းများကြောင့် လွန်ခဲ့သော ခြောက်လအတွင်း ဒုက္ခသည်ဦးရေအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့မှုကို ဖေါ်ပြထားသော စခန်းအတွင်းလူဦးရေကိန်းဂဏန်းများကို TBBC က စာရင်းပြုစုထားခဲ့သည်။ သို့သော် လွန်ခဲ့သော ၂ နှစ်အတွင်းတွင် စခန်းကော်မတီများအပေါ် လူသစ်ဝင်ရောက်လာမှုများအား မပြောဆိုရဟူသော ဖိအားများ ရှိနေသည့်အပြင် တတိယနိုင်ငံများသို့ ထွက်ခွာသွားမှု အလွန်များပြားသောကြောင့် ကိန်းဂဏန်းအတိအကျကို ဖေါ်ပြရန် လွန်စွာခက်ခဲလာနေသည်။

နယ်စပ်စခန်းလူဦးရေအားလုံးအား ပြန်လည်မှတ်ပုံတင်သော ၂၀၀၄ / ၅ MOI/UNHCR လုပ်ငန်းက ၁၉၉၉ ခုနှစ်မူလမှတ်ပုံတင်ခြင်းမှ လူဦးရေ ၁၀၁၉၉၂ ဦးနှင့် အခြား ၃၅၈၆၇ ဦးရှိသဖြင့် စုစုပေါင်း ၁၃၇၈၅၉ ဦးရှိသည်ဟု အသိအမှတ်ပြုခဲ့သည်။ ၂၀၀၇ ခုနှစ် အဆုံးတွင် နောက်တိုးစာရင်း အများစုအား ခရိုင်အုပ်ချုပ်ရေးဘုတ်အဖွဲ့ (PAB) သို့ တင်ပြခဲ့သဖြင့် စုစုပေါင်း ၃၃၅၂၀ ဦး မှတ်ပုံတင်ခဲ့သည်။

သို့သော် ၂၀၀၅ ခုနှစ်၌ အဓိကလူဦးရေစာရင်းအများစု ပြီးမြောက်သွားသည့်အချိန်မှစ၍ ခရိုင်အုပ်ချုပ်ရေးအဖွဲ့များသည် ၎င်း၏ လုပ်ငန်းများကို ရပ်ဆိုင်းလိုက်ပြီး၊ ၂၀၀၅ ခုနှစ်မှစ၍ စခန်းများအတွင်းသို့ တစစဝင်ရောက်လာနေသော လူသစ်များအတွက် ခွင့်ပြုခြင်းလုပ်ငန်းစဉ်လည်း မရှိတော့ပေ။ ထိုလူသစ်များအတွင်းမှ အများစုမှာ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော တိုက်ခိုက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများမှ ထွက်ပြေးလာသော အစစ်အမှန် ခိုလှုံခွင့်တောင်းခံသူများဖြစ်သည်။ (နယ်နမိတ်စပ်ပြည်နယ်များအတွင်း လုံခြုံရေးအခြေအနေများကို ဖေါ်ပြထားသော အောက်ဖေါ်ပြပါ အခန်း (ဂ) ကိုကြည့်ပါ။) သို့မဟုတ် တတိယနိုင်ငံများသို့ ပြန်လည်အခြေချနိုင်ခွင့်ရရှိမည်ဟူသော မျှော်လင့်ချက်ဖြင့် ထိုင်းနိုင်ငံအတွင်းမှသော်လည်းကောင်း သို့မဟုတ် မြန်မာနိုင်ငံအတွင်းမှ စခန်းအတွင်းသို့ တိုက်ရိုက်ဝင်ရောက်လာသောအခြားသူများရှိနေသော်လည်း "စာရွက်ပိုင်းကိုင်ဆောင်သူများ"[1] နှင့် ၎င်းတို့၏ ဆွေးမျိုးများလည်း ပါဝင်သည်။

ရလဒ်အဖြစ် လူသစ်မရှိရဟူ၍ သတ်မှတ်ထားသော တရားဝင်မူဝါဒရှိနေသော်လည်း လွန်ခဲ့သော ၂ နှစ်အတွင်း စခန်းများအတွင်း မှတ်ပုံမတင်ရသေးသူ ဦးရေ တစစကြီးထွားလာနေဆဲဖြစ်သည်။ ယခုနှစ်၏ ဒုတိယနှစ်ဝက်အတွင်း ပြည်ထဲရေးဝန်ကြီးဌာနက ခရိုင်တခုစီတွင် တင်ကြိုစီစစ်ရေးလုပ်ငန်းသစ်တခု စမ်းသပ်ဆောင်ရွက်ခြင်းဖြင့် ယင်းပြဿနာအား ဖြေရှင်းနိုင်လိမ့်မည်ဟု ထုတ်ပြန်ကြေငြာခဲ့သည်။ ယင်းလုပ်ငန်းသည် ခရိုင်အုပ်ချုပ်ရေးဘုတ်အဖွဲ့များ၏ မူရင်းအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းတခုဖြစ်သည်။ အသေးစိပ်ကိုတော့ ထုတ်ပြန်ကြေငြာခြင်း မရှိသေးပေ။ သို့သော် စစ်ဆေးခံရသူများသည် PAB များထံသို့ ထပ်မံစဉ်းစားရန်အတွက် တင်ပြလိမ့်မည်ဖြစ်သဖြင့် လူသစ်များအတွက် ပုံမှန်စစ်ဆေးသော လုပ်ငန်းတခုရှိ ရှိသင့်သည်။ ရေရှည်တွင် ဒုက္ခသည်ဦးရေ ကိန်းဂဏန်းအတိအကျ ရှိလာနိုင်သည်ဟု မျှော်လင့်ရသည်။

ထိုကဲ့သို့သော မရေရာမှုများရှိနေသောကြောင့် ယခုကာလအတွင်းတွင် ရိက္ခာပေးဦးရေအား တိကျနိုင်သမျှ အတိကျနိုင်ဆုံး တွက်ချက်ရေးကိုသာ အာရုံစိုက်၍ လူဦးရေကိန်းဂဏန်းတင်ပြမှုကို ခေတ္တဖယ်ထားမည်ဟု TBBC က

[1] Burmese who approached UNHCR outside the camps between 31st December 2003, when they ceased offering Persons of Concern (POC) status to individual asylum seekers, and late 2005, when the PABs were re-established.

ဆုံးဖြတ်ချက်ချခဲ့သည်။ ရိက္ခာပေးဦးရေကိန်းဂဏန်းများသည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ရသေးသည်ဖြစ်စေ မည်သို့သော အချိန်ကာတွင်မဆို ရိက္ခရရှိနိုင်သည့် အရည်အချင်းပြည့်မီသော စခန်းအတွင်းရှိ လူဦးရေအတိအကျအား ကိုယ်စားပြုသဖြင့် စခန်းအတွင်းအထောက်အပံ့များ တွက်ချက်ရာတွင် အသုံးပြုရသည့် အရေးကြီးဆုံးသော ကိန်းဂဏန်းများ ဖြစ်သည်။ သို့သော် စခန်းအတွင်း ယာယီ သို့မဟုတ် အမြဲ မနေထိုင်သော သူများကို ချန်လှပ်ထားသည်။ လူသစ်ဝင်ရောက်လာမှု၊ တတိယနိုင်ငံထွက်ခွာသွားမှု၊ စခန်းပြင်ပ အလုပ်အရ သော်လည်းကောင်း၊ ပညာသင်ကြားခြင်း အရသော်လည်းကောင်း၊ ဆေးဝါးကုသမှုအရသော်လည်းကောင်း ထွက်ခွာသွားသူ ဒုက္ခသည်ဦးရေ စသည့်အချက်များကို ထည့်သွင်းတွက်ချက်ကာ မိသားစုနောက်ဆုံးစာရင်းများကို စခန်းတခုချင်း ရပ်ကွပ်တခုချင်းအလိုက် စစ်တမ်းအကြီးကြီးတခု လုပ်ဆောင်ခဲ့သည်။ လစဉ်အလိုက် ရိက္ခာပေးဦးရေ အတိအကျ သတ်မှတ်နိုင်ရန်အတွက် စောင့်ကြည့်ကြပ်မတ်ရေး လုပ်ထုံးလုပ်နည်းအသစ်များကို တည်ဆောက်ထားပြီး ဖြစ်သည်။ ( အသေးစိပ်အချက်အလက်များအတွက် အခန်း (၃ ၈) ကိုကြည့်ပါ။)

မျက်နှာချင်းဆိုင်စာမျက်နှာပါ မြေပုံတွင် ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲပါ TBBC ၏ ရိက္ခာပေးဦးရေအား UNHCR/MOI မှတ်ပုံတင်လူဦးရေ နှင့် ယှဉ်ပြထားသည်။ TBBC၏ စုစုပေါင်း ရိက္ခာပေးဦးရေ ၁၄၁၆၀၈ ဦး နှင့် UNHCR ၏ မှတ်ပုံတင်ဦးရေ ၁၃၀၆၁၄ ဦးအား ယှဉ်တွဲ ဖေါ်ပြထားသည်။ TBBC လူဦးရေတွင် မှတ်ပုံမတင်ရသေးသူ ၂၁၅၅၀ ဦး (ကျောင်းသား ၄၃၈၄ ဦးအပါအဝင်) ပါဝင်ပြီး UNHCR သည် ယေဘုယျအားဖြင့် ၂၀၀၅ ခုနှစ်မှစ၍ စခန်းတွင်းဝင်လာသူ လူသစ်များကို အသိအမှတ်အပြုပေ။ (သို့သော် UNHCR ၏ ကိန်းဂဏန်းတွင် PAB ထံသို့ စဉ်းစားဆုံးဖြတ်ပေးရန်တင်ပြထားသော ၄၀၇၂ ဦး နှင့် ကျောင်းသား ၂၅၀၈ ဦးပါဝင်သည်။ ) TBBC၏ ကိန်းဂဏန်းတွင် ဝမ်ဟန်း (Wieng Heng) ရှိ ၇၁၃ ဦးပါဝင်ပြီး UNHCR ၏ စာရင်းတွင် မပါဝင်ပေ။

TBBC ၏ ရိက္ခာပေးဦးရေသည် ဂျွန်လအကုန်တွင် ၁၄၆၈၀၇ ဦး ရှိခဲ့သည်။ အဓိပ္ပါယ်မှာ ထိုကာလအတွင်း ၅၁၉၉ ဦးလျော့ကျသွားခဲ့ခြင်း ဖြစ်သည်။ ဇူလိုင်လနှင့် ဒီဇင်ဘာလအကြား တတိယနိုင်ငံများသို့ လူဦးရေ ၁၀၇၉၃ ဦးထွက်ခွာသွားခဲ့ပြီး၊ ၂၈၄၄ ဦးဖွားမြင်ပြီး ၂၀၇ ဦးသေဆုံးခဲ့သည်။ ထို့ကြောင့် လူသစ် ၂၉၅၇ ဦးရောက်လာသည်ဟု နားလည်နိုင်သည်။ သို့သော် ယခုကာလအတွင်း ရိက္ခာပေးဦးရေ တွက်ချက်ရာတွင် အသုံးပြုသော နည်းလမ်းများတွင် အပြောင်းအလဲများ ပြုလုပ်ခဲ့သောကြောင့် နောက်ပိုင်း ကိန်းဂဏန်းများကို သတိချပ်၍ ကြည့်ရှုသင့်သည်။

**တတိယနိုင်ငံများသို့ ထွက်ခွာ အခြေချမှု။** ။ ၂၀၀၅ ခုနှစ်အတွင်း တော်ဝင်ထိုင်းအစိုးရက တတိယနိုင်ငံများသို့ ပြန်လည်အခြေချနိုင်ခွင့်ကို နယ်စပ်တလျှောက်ရှိ မှတ်ပုံတင်ထားသော ဒုက္ခသည်များအား လက်ခံခွင့်ပြုခဲ့သဖြင့် ၂၀၀၆ ခုနှစ်မှစ၍ အဓိကအားဖြင့် နိုင်ငံပေါင်း ၁၁ နိုင်ငံသို့ ဒုက္ခသည်များ ထွက်ခွာနေဆဲဖြစ်သည်။ ထိုနိုင်ငံများမှာ သြစတေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဖင်လန်၊ အိုင်ယာလန်၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ဆီဒွင်၊ အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ကြသည်။

ပြန်လည်အခြေချနိုင်ခွင့်သည် ၂၀၀၄ / ၅ ခုနှစ်အတွင်း တရားဝင် မှတ်ပုံတင်ထားသော ဒုက္ခသည်များအားလုံး နှင့်နောက်ပိုင်းတွင် PAB များမှ အသိအမှတ်ပြုလက်ခံထားသော သူအများအတွက် အကျုံးဝင်သည်။ ပုံမှန်လုပ်ထုံး လုပ်နည်းမှာ ဒုက္ခသည်များသည် ၎င်းတို့၏ စိတ်ဝင်စားမှုကို UNHCR သို့ တင်ပြနိုင်ပြီး၊ ထို့နောက် UNHCR မှ စိတ်ဝင်စားသော နိုင်ငံခြားသံရုံးများသို့ ထပ်မံစဉ်းစားပေးရန် လွှဲပြောင်းပေးကြခြင်းဖြစ်သည်။ သို့သော် သြစတေးလျ၊ ကနေဒါနှင့် အမေရိကန်နိုင်ငံများတွင် တိုက်ရိုက်တင်လျှောက်နိုင်သော သီးခြားအစီအစဉ်များ ရှိကြသည်။ နော်ဝေ နှင့် ဆီဒွင်ကဲ့သို့သော အခြားနိုင်ငံများကမူ မိသားစုပြန်လည်ပေါင်းစီးရေးအစီအစဉ်မှတဆင့် ဒုက္ခသည်ဦးရေ အနည်းငယ်အား လက်ခံခေါ်ယူကြသည်။

၂၀၀၆ ခုနှစ်တွင် ပြန်လည်အခြေချရန်အတွက် ထိုင်းနိုင်ငံမှ မြန်မာဒုက္ခသည်ဦးရေ ၄၇၈၉ ဦးထွက်ခွာသွားပြီး၊ ၂၀၀၇ ခုနှစ်တွင် ဒုက္ခသည်ဦးရေ ၁၄၆၃၆ ဦးထွက်ခွာခဲ့သည်။ စခန်းတခုချင်းစီအလိုက် ပြန်လည်အခြေချနိုင်ခွင့်အား ခွင့်ပြုပေးသော အမေရိကန်နိုင်ငံသို့ ထွက်ခွာသူ စုစုပေါင်းလူဦးရေမှ ၆၀ ရာခိုင်နှုန်း ကျော် ရောက်ရှိခဲ့သည်။ အမေရိကန်နိုင်ငံသို့ ပြန်လည်အခြေချခွင့်အား ၂၀၀၆ ခုနှစ်တွင် ထမ်ဟင်းဒုက္ခသည်စခန်းတခုတည်းကိုသာ ခွင့်ပြုခဲ့သော်လည်း ၂၀၀၇ ခုနှစ်တွင် မယ်လစခန်းအထိ တိုးချဲ့ခဲ့သည်။ ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း အုန်းဖျံမိုင် နှင့် နို့ဖိုးစခန်းများအထိပါ တိုးချဲ့ခဲ့သည်။ ထို့ကြောင့် ၂၀၀၆ ခုနှစ်အတွင်း ထွက်ခွာသွားသူများအနက် အများစုမှာ ထမ်ဟင်းစခန်းမှ ဖြစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် မယ်လစခန်းမှ ဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွက် ထွက်ခွာသွားသူများအား စခန်းအလိုက်၊ ဦးတည်ရာနိုင်ငံအလိုက်အောက်ပါအတိုင်း ဖေါ်ပြထားသည်။

## ၂၀၀၇ ခုနှစ်အတွင် ထွက်ခွာသွားသော ဒုက္ခသည်များ

| တည်နေရာ | ဩစတေးလျ | ကနေဒါ | ဒိန်းမတ် | ဖင်လန် | နယ်သာလန် | နော်ဝေ | နယူးဇီလန် | ဆွီဒင် | အင်္ဂလန် | အမေရိကန် | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘန်ကောက် | ၁၉ | | ၄ | | ၇ | ၁၄ | | ၆ | | ၂၅ | | ၇၅ |
| စခန်း ၁ | ၉၇ | ၉ | | ၃၄၅ | | ၄ | ၁၀ | ၇ | | ၁ | | ၄၇၃ |
| စခန်း ၂ | ၃၈ | | | | | | | | | | | ၃၈ |
| မယ်လအွန်း | ၂၄ | ၈၀၃ | | ၂ | | ၁ | ၃ | | | ၁ | | ၈၃၄ |
| မယ်လမလောင် | ၁၄ | ၇၂၂ | | | | ၂ | | | | | | ၇၃၈ |
| မယ်လ | ၈၁၀ | ၁၅ | | | ၁ | ၁၄၈ | ၃၀ | | ၂၄ | ၈,၁၃၆ | | ၉,၁၆၄ |
| အုန်းဖျံမိုင် | ၂၁၇ | ၂၀ | | | | ၁၄၃ | ၃၀ | | ၄၅ | ၂၄ | | ၄၇၉ |
| နို့ဖိုး | ၁၂၇ | ၅ | ၁ | ၁ | ၃ | ၉၉ | ၅၅ | ၁၈ | ၄၂ | ၂၂ | | ၃၇၃ |
| ဘန်ဒွန်ယိုင် | ၃၃ | | | | ၅၁ | ၁ | ၁၆ | ၁၄၇ | | ၁၄ | ၉၇ | ၃၅၉ |
| ထမ်ဟင်း | ၁၃၇ | | | ၂ | | ၂ | ၄ | | | ၁,၉၅၈ | | ၂,၁၀၃ |
| စုစုပေါင်း | ၁, ၅၁၆ | ၁,၅၇၄ | ၅ | ၃၅၀ | ၆၂ | ၄၁၄ | ၁၄၈ | ၁၇၈ | ၁၁၁ | ၁၀,၁၈၁ | ၉၇ | ၁၄,၆၃၆ |

သတင်းအရင်းအမြစ်။ IOM

၂၀၀၈ ခုနှစ်အတွင်း တတိယနိုင်ငံများဆီသို့ ပြန်လည်အခြေချမည့် လူဦးရေအရေအတွက်သည် ၁၇၀၀၀ နှင့် ၁၉၀၀၀ အကြားရှိနိုင်ပြီး ယခင်နှစ်များထက်ပို၍ များပြားနိုင်သည်။ ယခုနှစ်နှောင်းပိုင်းတွင် မယ်ဟောင်ဆောင်စခန်းများအတွက် ပြန်လည်အခြေချနိုင်ခွင့် အစီအစဉ်များ ဖွင့်လှစ်ပေးမည်ဟု UNHCR က ထုတ်ပြန်ကြေငြာခဲ့သည်။ ၂၀၀၈ ခုနှစ် အစောပိုင်း၌ UNHCR သည် အုန်းဖျံမိုင်စခန်းအတွင်းရှိ စုစုပေါင်း ၂၅၇၀ ဖိုင် / လူဦးရေ ၉၀၆၀ ဦးအား အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့ပြီး နို့ဖိုးစခန်းမှ ၁၇၉၇ ဖိုင် / လူပေါင်း ၅၆၃၂ ဦးအားလည်း လွှဲပြောင်းပေးခဲ့သည်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှစ၍ နယ်စပ်တဝန်းရှိ ဒုက္ခသည် ဦးရေ စုစုပေါင်း ၆၉၈၄၁ ဦးက တတိယနိုင်ငံတွင် ပြန်လည်အခြေချရန် စိတ်ဝင်စားကြောင်းကို ထုတ်ဖော် ပြောဆိုခဲ့ပြီး ဖြစ်သည်။

တတိယနိုင်ငံများ၌ ပြန်လည်အခြေချနေထိုင်ခြင်းသည် ယခုကာလအတွက် မြန်မာဒုက္ခသည်များအကြား ရေရှည် တည်တန့်နိုင်သော အဖြေတခုအဖြစ် အသိအမှတ်ပြုထားသည်။ သို့သော် ကျန်ရစ်သူ ဒုက္ခသည်များအတွက် စခန်းအတွင်း စီမံခန့်ခွဲမှုများနှင့် လူသားချင်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးရန်အတွက် ပညာအတတ်ဆုံး နှင့် အကျွမ်းကျင်ဆုံးဒုက္ခသည် အများစု ထွက်ခွာသွားမှု၏ သတ်ရောက်မှုအပေါ် စိုးရိမ်ချက်များလည်း ရှိနေသည်။ ယင်းအကြောင်းရင်းအား ယမန်နှစ်က ကျွမ်းကျင်သူများ၏ အကြံပြုချက်များအပါအဝင် CCSDPT က တာဝန်ယူ၍ ပြည့်စုံစွာ သုတေသနပြု၍ နောက်ဆုံးအကြိမ် အစီရင်ခံခဲ့သည်။ (http://www.ccsdpt.org/download/ccsdpt_impact_of_resettlement_report.pdf).

၂၀၀၇ ခုနှစ်အတွင်း UNHCR က တတိယနိုင်ငံများဆီသို့ အခြေချထွက်ခွာမှုကြောင့် ကျန်းမာရေးလုပ်ငန်းများဆီသို့ ကျရောက်လာသော သတ်ရောက်မှုများအပေါ် အကြံပေးအရာရှိတဦးခန့်အပ်၍ လေ့လာစေခဲ့သည်။ " CCSDPTက *ကနဦးထုတ်ပြန်ထားသော ပြန်လည်အခြေချမှု၏ သတ်ရောက်မှုများအကြောင်း အစီရင်ခံစာတွင် ကျန်းမာရေး ဝန်ထမ်းများဆုံးရှုံးရမှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် သတ်ရောက်မှုကို အသေးစိတ် တင်ပြထားပြီးဖြစ်သောကြောင့် ယင်းကိစ္စအား အသေးစိတ် မဖေါ်ပြတော့ပေ။ ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်များအား အကူအညီထောက်ပံ့ပေးသော အဖွဲ့အစည်းများ နှင့် ပံ့သဏ္ဍာန်များသည် ကမ္ဘာ့အဝှမ်းဒုက္ခသည်အခြေအနေများအနက် တသီးတခြားပုံစံဖြင့် တည်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခသည်များသည် စခန်းအတွင်းရှိ ဒုက္ခသည် လူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများတွင် အန်ဂျီအိုများ၏ ရုပ်ဝတ္ထုပစ္စည်းနှင့် နည်းပညာ အကူအညီများရယူကာ ၎င်းတို့ကိုယ်တိုင် အဓိကအခန်းကဏ္ဍမှ နှစ်ပေါင်းများစွာကြာ တာဝန်ယူ ဆောင်ရွက်နေသောကြောင့် ဖြစ်သည်။ ထိုသို့သောကြောင့် နယ်စပ်တလျှောက် ပြန်လည်အခြေချမှု၏ သတ်ရောက်များသည် မကြုံစဖူးထူးထူးကဲကဲ ဖြစ်ကောင်း ဖြစ်နေနိုင်သည်။*" ဟု အကြံပေးအရာရှိက ကောက်ချက် ချခဲ့သည်။

ထိုင်းမြန်မာနယ်စပ်တလျှောက်၌ မတူထူးခြားသော လူထုအခြေပြု ဝန်ဆောင်မှုလုပ်ငန်း၏ အလွန်အောင်မြင်မှုရရှိခဲ့ပြီး ထိုအောင်မြင်မှုကပင် ပြန်လည်အခြေချမှု၏ သတ်ရောက်မှုများကို မတူထူးခြားစွာ ခံနေရသည်ဟု အကြံပေးအရာရှိ အတည်ပြု ပြောကြားခဲ့သည်။ ယင်းအချက်ကို အောက်တိုဘာလ၌ ဂျနီဗာတွင် ကျင်းပခဲ့သော ပြန်လည်အခြေချခြင်း

ဆိုင်ရာလုပ်ငန်းအဖွဲ့၏ UNHCR ဒေသဆိုင်ရာ ကိုယ်စားလှယ်က ထပ်လောင်း အသိအမှတ်ပြုခဲ့သည်။ သတ်ရောက်မှုများကို ရင်ဆိုင်ကြိုးပမ်းရာတွင် တွေ့ကြုံနေရသော စိန်ခေါ်ချက်များ မီးမောင်းထိုးပြခဲ့ပြီး ချက်ချင်းအာရုံစိုက် လုပ်ဆောင်ရန်အတွက်လည်း ယင်းကိုယ်စားလှယ်က တောင်းဆိုခဲ့သည်။ ပညာတတ်ဒုက္ခသည်များအား ကျောင်းဆရာများ သို့မဟုတ် ကျန်းမာရေးလုပ်သားများအဖြစ် လေ့ကျင့်ပေးရန်မှ လွန်စွာ အကန့်အသတ်ကြီးနေပြီး ဖြစ်ကြောင်း နှင့် တချိန်ချိန်တွင် အစုလိုက်အပြုံလိုက် ထွက်ခွာသွားမှုရှိကောင်း ရှိနိုင်ပြီး၊ ထိုင်းနိုင်ငံသား သို့မဟုတ် နိုင်ငံတကာမှ ဝန်ထမ်းများ ခန့်အပ်ခြင်းစသည့် နည်းလမ်းများသည်လည်း ခွင့်မပြုနိုင်လောက်စွာ ဈေးနှုန်းကြီးမြင့်လှသည်။ ထိုင်းကျန်းမာရေးဌာနမှ လုပ်ငန်းများအား စခန်းအတွင်းသို့ (အထူးသဖြင့်ကျန်းမာရေးကိစ္စ) ချဲ့ထွင်ရန်နှင့် မှတ်ပုံမတင်ရသေးသော လူဦးရေ သို့မဟုတ် ရွှေ့ပြောင်းအလုပ်သမားအကြား အသုံးချနိုင်သော နည်းလမ်းများ ရှာဖွေရေးအတွက်ပါ သူက တောင်းဆိုခဲ့သည်။ ငွေကြေးအရလိုအပ်သော သင်တန်းများ ပူးတွဲ ဆောင်ရွက်မည့် အန်ဂျီအိုများ၏ အစီအစဉ်အတွက်လည်း သူက အလှူရှင်များကို ဆွဲဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်အတွင်း ထိုစိန်ခေါ်ချက်များသည် ပိုမို ပြင်းထန်လာနိုင်သည်။

ဒုက္ခသည်များသည် တတိယနိုင်ငံသို့ ပြန်လည်အခြေချမည့် လုပ်ငန်းစဉ်တခုလုံးတွင် မှန်ကန်သော ဆုံးဖြတ်ချက်များ ချနိုင်ရန်အတွက် ၎င်းတို့တွင် သတင်းအချက်အလက်လုံလောက်စွာရရှိနိုင်ရေးအတွက် အန်ဂျီအိုများ၊ ဒုက္ခသည်များ လက်ခံမည့် နိုင်ငံများနှင့် လတ်တလောဆွေးနွေးပွဲများတွင် အမျိုးသမီးအဖွဲ့များက တန်းဖိုးရှိလှသော အကြံညဏ်များကို ပေးခဲ့ကြသည်။ ကရင်အမျိုးသမီးအဖွဲ့ (KWO) က ဒုက္ခသည်လူထုအတွင်း ပြန်လည်အခြေချခြင်း၏ သတ်ရောက်မှုများကို စောင့်ကြည့်ကြပ်မတ်ခြင်း၊ ပြန်လည်အခြေချခြင်းလုပ်ငန်းစဉ်၏ သတင်းအချက်များ ဖြန့်ဝေပေးခြင်း နှင့် နိုင်ငံခြားတွင် အခြေချနေသော မိသားစုများနှင့် စခန်းအတွင်းကျန်ရစ်ခဲ့သော ဆွေးမျိုးများအကြား အဆက်အသွယ်ရှိနေစေရေန်အတွက် စာတိုက်ပုံးတခုကိုပင် ၎င်းတို့က စီစဉ်ပေးထားသည်။

**ရှမ်းဒုက္ခသည်များ။** ။ ၂၀၀၇ ခုနှစ် ဒုတိယပိုင်းကာလအတွင်း ထိုင်းနိုင်ငံ၊ ဖန်ခရိုင်အတွင်းသို့ ရောက်ရှိလာသူ မှတ်တမ်းတင်ထားသော ရှမ်းဒုက္ခသည်ဦးရေသည် တလလျှင် ပျမ်းမျှ ၄၀၀ ခန့်ရှိသည်။ ဒုက္ခသည်အများစုသည် ၁၉၉၆ ခုနှစ်မှစ၍ ရှမ်းပြည်နယ်တပ်မတော် (တောင်ပိုင်း) လှုပ်ရှားဒေသဖြစ်သည့် အလယ်ပိုင်းနှင့် တောင်ပိုင်းရှမ်းပြည်နယ်မှ အတင်းအကြပ်မောင်းထုတ်ခံရသော ဒေသများမှ စွန့်ခွာထွက်ပြေးလာသူများဖြစ်ကြသည်။ ဒုက္ခသည်များသည် အတင်းအဓမ္မလုပ်အားပေးခိုင်းခံရခြင်း၊ ကြက်ဆူပင်စိုက်ခိုင်းခြင်း၊ မြေယာသိမ်းယူခံရခြင်း၊ မတရားငွေတောင်းယူခံရခြင်း နှင့် နအဖတပ်အတွင်း အတင်းအကြပ် ဝင်ရောက်ခိုင်းခြင်း စသည့်တို့ကြောင့် ထွက်ပြေးလာကြခြင်း ဖြစ်သည်။

ရန်ကုန်မြို့နှင့် အခြားမြန်မာနိုင်ငံအလယ်ပိုင်းမြို့များရှိ စာသင်တိုက်များတွင် စာသင်ကြားခဲ့သော သံဃာတော်များ နှင့် ၂၀၀၇ ခုနှစ် စက်တင်ဘာလ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သော သံဃာတော်များအပါအဝင် ရှမ်းဒုက္ခသည်များသည် အခြားဒေသများသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်။ ဖြိုခွင်းမှုများအပြီး ရာချီသော ရှမ်းရဟန်းတော်များအပါအဝင် သံဃာတော်များသည် ရှမ်းပြည်ရှိ ၎င်းတို့၏ ဘုန်းကြီးကျောင်းများသို့ အတင်းအကျပ်ပြန်ပို့ခံကြရပြီး နှောက်ယှက်ဟန့်တားမှုကိုလည်း ဆက်လက်ရင်ဆိုင်နေကြရသဖြင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးလာခဲ့ကြသည်။

၁၉၉၆ ခုနှစ် အတင်းအကြပ်ပြောင်းရွှေ့ခံရသော ဒေသများမှ ထိုင်းနိုင်ငံအတွင်း ရောက်ရှိလာသော ရှမ်းဒုက္ခသည်ပေါင်း ၂၀၀၀၀၀ ကျော်ရှိသည်ဟု ယုံကြည်ရသည်။ ၎င်းတို့သည် ထိုင်းနိုင်ငံမြောက်ဖက်ခြမ်းအတွင်းရှိ ခြံများ၊ သစ်သီးခြံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အများစု နေထိုင်နေကြသည်။ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ကြီးမားလှသော တန်ဆမ်းရေကာတာကြောင့် ရေလွှမ်းမိုးနိုင်သော ဒေသများမှ ထွက်ပြေးလာသူ ထောင်သောင်းချီသော ရှမ်းလူမျိုးများလည်း ပါဝင်သည်။ ထိုသူများသည် ရေကာတာဆောက်လုပ်ပြီးပါက ထာဝရ အိုးအိမ်မဲ့ဘဝသို့ ရောက်ရှိသွားမည့်သူများ ဖြစ်ကြသည်။ ရေအားလျှပ်စစ်ဓါတ်အား ထိုင်းနိုင်ငံသို့ တင်ပို့ပေးမည့် အမေရိကန်ဒေါ်လာ ၆ ဘီလီယံတန်ဖိုးရှိသော ထိုရေကာတာဆောက်လုပ်ခြင်းသည် ၂၀၀၇ ခုနှစ် နှောင်းပိုင်းမှ စတင်ဆောင်ရွက်နေပြီး ၂၀၁၂ ခုနှစ်တွင် အပြီးသတ်မည်ဟု အချိန်သတ်မှတ်ထားသည်။

ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) စခန်းများနှင့် အနီးကပ်တည်ဆောက်ထားသော နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ၅၈၀၀ ဦးနေထိုင်နေသော ရှမ်း IDP စခန်း ၅ ခုသည် မြောက်ပိုင်းထိုင်းနယ်စပ်တလျှောက်တွင် တည်ရှိသည်။ ထိုစခန်းများသည် နေထိုင်နေသူ ဒုက္ခသည်များသည် ထိုင်းနိုင်ငံမှ အတင်းအကြပ်မောင်းထုတ်ခံခဲ့ရသော ဒုက္ခသည်များ သို့မဟုတ် အဖမ်းခံရမည့်အရေးအား ကြောက်ရွံ့၍ ထိုင်းနိုင်ငံသို့ မဝင်ရဲသော ဒုက္ခသည်များ နေထိုင်ရာ စခန်းများ ဖြစ်သည်။ အနီးတဝိုက်ရှိ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) စခန်းများသို့ နအဖတပ်ဖွဲ့များ

အဆက်မပြတ်တိုက်ခိုက်နေသောကြောင့် ထို IDP စခန်းများ၏ လုံခြုံရေးကို သတိထားနေရဆဲဖြစ်သည်။ သို့သော် ကံကောင်းထောက်မစွာပင် ၂၀၀၇ ခုနှစ် ကာလအတွင်း၌ ရှမ်း – ထိုင်းနယ်စပ်တလျှောက်တွင် စစ်ရေးထိုးစစ်မှုများ မရှိခဲ့ပေ။

ယေဘုယျအားဖြင့် ရှမ်းဒုက္ခသည်များသည် ထိုင်းအာဏာပိုင်များ၏ အသိအမှတ်ပြုခြင်း မခံရပေ။ သို့သော် TBBC သည် ချင်းမိုင်ခရိုင် ဝန်ဟိုင်းခရိုင်အတွင်းရှိ စခန်းငယ်တခုတွင် နေထိုင်နေသော ဒုက္ခသည် ၇၀၀ ကျော်အတွက် အစားအစာနှင့် အိုးအိမ်များ ဆက်လက်ထောက်ပံ့ပေးနေဆဲဖြစ်သည်။ ထိုဒုက္ခသည်များသည် ၂၀၀၂ ခုနှစ် မေလ တိုက်ခိုက်မှုများမှ ထွက်ပြေးလာကြသူ အများစု ဖြစ်သည်။

**ရွှေဝါရောင်တော်လှန်ရေး။** ။ စက်တင်ဘာလ ဆန္ဒပြပွဲများ ဖြိုခွင်းပြီးနောက်တွင် ( အောက်ဖော်ပြပါ ဃ ကိုကြည့်ပါ။) ၁၉၈၈ ခုနှစ် လူထုအုံကြွမှုအပြီး လူအမြောက်အများ ထိုင်းနယ်စပ်ဆီသို့ ထွက်ပြေးလာကောင်းလာနိုင်သည်ဟု ကနဦးက မျှော်မှန်းခဲ့ကြသည်။ အချက်အလက်ပေါင်းများစွာကြောင့် ထိုကဲ့သို့ ဖြစ်မလာခဲ့ပေ။ နယ်စပ်ဒေသများနှင့် ထွက်ပေါက်များတွင် ယခုအချိန်တွင် နအဖတပ်များ အကြီးအကျယ်ဆက်လက်နေရာချထားဆဲဖြစ်သည်။ သို့သော် အရေအတွက်အားဖြင့် အနည်းအကျဉ်းရောက်ရှိလာခဲ့ပြီး၊ UNHCR က မဲဆောက်နှင့် ဘန်ကောက်မြို့များရှိ ၎င်းတို့ရုံးများသို့ ရောက်ရှိလာသူ လုံခြုံရေးအရစိုးရိမ်ရသူများ (Persons of concer) အား မှတ်ပုံတင်ပေးခဲ့သည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လူပေါင်း ၂၁၈ ဦးအား မှတ်တမ်းတင်ထားခဲ့ပြီး PAB မှ ဆက်လက်စဉ်းစားပေးမည်ဟု တော်ဝင်ထိုင်းအစိုးရက ပြောဆိုခဲ့သည်။

**လှေစီးဒုက္ခသည် ရိုဟင်ဂျာများ။** ။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၀၇ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံသား ရိုဟင်ဂျာ ၃၃၀၀ ခန့်ပါရှိသော လှေအစီး ၈၀ ခန့် ထိုင်းနိုင်ငံတောင်ပိုင်းသို့ ရောက်ရှိလာခဲ့သည်။ အများစုမှာ မလေးရှားတွင် အလုပ်ရမည်ဟူသော ယုံကြည်ချက်ဖြင့် ပွဲစားများကို ငွေကြေးပေး၍ လိုက်ပါလာသူ လူငယ်များ ဖြစ်ကြသည်။ အများစုသည် ရခိုင်ပြည်နယ်တွင် မွေးဖွားခဲ့သူများဖြစ်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အနီးဝန်းကျင် ဒေသများ၌တည်ရှိသော ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာများလည်း ပါဝင်ကြသလို ဘင်္ဂလီလူမျိုးအနည်းငယ်လည်း ပါဝင်သည်။

၎င်းတို့အား ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ အစပိုင်းတွင် အများစုသည် မဲဆောက်မှတဆင့် မြန်မာနိုင်ငံသို့ ပြန်ပို့ခံခဲ့ရသည်။ သို့သော် နောက်ပိုင်းတွင် ရနောင်းမှတိုက်ရိုက်ပြန်ပို့ခဲ့ကြသည်၊ မဲဆောက်သို့ အပို့ခံခဲ့ရသည့် အများစုသည် ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားနိုင်ငံသို့ ပြန်ဝင်ရန် လမ်းစရှာတွေ့ခဲ့ကြပြီး မဲဆောက်တွင် ကျန်ရစ်ခဲ့သူများသည် နောက်ဆုံးတွင် ဩဂုတ်လ၌ အစုလိုက်ပြန်လည် အဖမ်းခံခဲ့ရပြီး နိုင်ငံရင်းပြန်ပို့ရန်အတွက် တောင်ပိုင်းသို့ ပြန့်ပို့ခံခဲ့ရသည်။

မုတ်သုန်ရာသီအပြီးတွင် နောက်ထပ် အစုလိုက်အပြုံလိုက်ဝင်ရောက်လာလိမ့်မည်ဟူသော စိုးရိမ်ချက်သည် ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင်အကုန်တွင် လှေများစတင်ထွက်ခွာနေသည်ဟူသော သတင်းဖြင့် အတည်ဖြစ်ခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဖေဖေါ်ဝါရီလ ၁၉ ရက်နေ့တွင် လူပေါင်း ၃၇၅၀ ဦးပါသော လှေပေါင်း ၄၄ စီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်ခွာလာခဲ့သည်ဟု သိရပြီး ယမန်နှစ်ထက် နှစ်ဆပိုများခဲ့သည်။ လှေ ၂ စင်း သို့မဟုတ် ၃ စင်း နစ်မြုပ်သွားသဖြင့် အနည်းဆုံး လူပေါင်း ၃၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ထိုင်းနိုင်ငံသို့ မည်မျှ ရောက်ရှိလာသည်ဟူသော သတင်းအချက်အလက်နှင့် ပတ်သက်၍ အကန့်အသတ်ရှိနေသေးသော်လည်း ဖန်းငခရိုင်တခုတည်းတွင်သာ အတိအကျသတင်းပေးပို့မှုများရှိခဲ့သည်။ ဖန်းငခရိုင်သို့ လှေ ၁၅စင်းရောက်ရှိလာခဲ့ပြီး ၉၈၄ ဦးအဖမ်းခံခဲ့ရသည်။ ပြန်ပို့ရန်အတွက် ရနောင်း လူဝင်မှုကြီးကြပ်ရေးအချုပ်သို့ လွှဲပြောင်းပေးခဲ့သည်။

မလေးရှားနိုင်ငံသို့မဟုတ် ထိုင်းနိုင်ငံတွင် အလုပ်ရှာပေးမည်ဟူသော အကြောင်းပြချက်ဖြင့် လှုပ်ရှားနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် နေထိုင်နေသော လူပွဲစားများသည် ထိုလူကုန်ကူးခြင်းလုပ်ငန်းတွင် ပါဝင်နေသည်မှာ အရှင်းသားဖြစ်သည်။ ထိုသူများ၏ နောက်ဆုံးကံကြမ္မာကို စိုးလျှဉ်းမျှသာ သိနိုင်ပြီး၊ အစုလိုက် အပြုံလိုက်ထွက်ခွာမှုအား ရပ်တန့်နိုင်ရေးကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း၌ မဖြစ်စလောက်သာ ကြိုးပမ်း ဆောင်ရွက်နေကြသည်။ ယခုနှစ်တွင် မဲဆောက်မှတဆင့် ပြန်ပို့ပေးမည်ဟူသည်နှင့် ပတ်သက်၍ မည်သည့် သတင်းအချက်များ မရရှိသည်နှင့်အတူ ယင်းပြဿနာသည် တောင်ဖက်ခြမ်းတွင် ဆက်လက်ရှိနေနိုင်သေးသည်။

## (ခ)ခြေလှမ်းသစ်များနှင့် တော်ဝင်ထိုင်းအစိုးရ၏မူဝါဒ

၂၀၀၅ ခုနှစ် ဧပြီလတွင် UNHCR နှင့် CCSDPT သည် နှစ်ကာလရှည်ကြာစွာတည်ရှိနေသော ဒုက္ခသည်အခြေအနေအား ပိုမိုပြည့်စုံစွာ ချည်းကပ်ဖြေရှင်းနိုင်ရေးနည်းလမ်းတခု ပေါ်ပေါက်ရေးအတွက် ထိုင်းအာဏာပိုင်များကို စတင် စည်းရုံးခဲ့သည်။ ဒုက္ခသည်များအတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများ နှင့် အဆင်မြင့် ပညာသင်ကြားခွင့်အခွင့်အရေးများ တိုးမြှင့်ပေးခြင်းအတွက်သာမက ဝင်ငွေဖန်တည်းပေးသော လုပ်ငန်းများနှင့် အလုပ်လုပ်နိုင်ခွင့် အထိပါ မေတ္တာရပ်ခံခဲ့သည်။ ဒုက္ခသည်များအား အလုပ်လုပ်ခွင့်ပေးခြင်းသည် ထိုင်းစီးပွားရေးအား အကောင်းဖက်မှ အထောက်အကူပြု နိုင်သည်သာမက ဒုက္ခသည်များအတွက်လည်း မိမိကိုယ်မိမိအား ကိုယ်နိုင်သည်ဟူသော ဂုဏ်သိက္ခာကိုပါ မြှင့်တင်ပေးရာ ရောက်သည်ဟူ၍ ဆွေးနွေးချက်များ ရှိခဲ့သည်။ ထိုကဲ့သို့သော နည်းလမ်းသည် ရေရှည်တွင် လူသားချင်းဆိုင်ရာ အကူအညီများလိုအပ်ချက်အား တစစလျော့ပါးစေနိုင်သည်။

စီမံကိန်းလုပ်ငန်းဘောင်တခု ရရှိနိုင်ရေးအတွက် CCSDPT နှင့် UNHCR သည် “လုပ်ငန်းစုံစီမံကိန်း” (CP) တခုအား ပြင်ဆင်ခဲ့ကြသည်။ ယင်းအစီအစဉ်က မူဝါဒအပြောင်းအလဲများ ပေါ်ပေါက်လာရေးအတွက် စည်းရုံးလုပ်ဆောင်ခဲ့သော ဧရိယာများအပါအဝင် အကာအကွယ်ပေးခြင်း နှင့် ဝန်ဆောင်မှုလုပ်ငန်းများအကြား ဦးစားပေးချက် ကွာဟမှုများကို ဖြေရှင်းပေးမည့် အစီအစဉ်တခုဖြစ်သည်။ ယင်းအစီအမံအား ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် တော်ဝင်အစိုးရထံသို့ တင်ပြခဲ့သည်။ နိုင်ငံတော်လုံခြုံရေး နှင့် ဒုက္ခသည်များ သွားလာမှုထိန်းချုပ်နိုင်ရေး ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်နှင့် တပြိုင်နက်တည်းတွင် ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်များ ခိုလှုံနေချိန်ကာလအတွင်း ပိုမိုပြည့်စုံသော အခွင့်အလမ်းများဖြည့်တည်းပေးရန် လိုအပ်သည်ဟူသော အချက်ကို အစည်းအဝေးတက်ရောက်လာသူ တော်ဝင်ထိုင်းအစိုးရ ကိုယ်စားလှယ်များက အသိအမှတ်ပြုခဲ့သည်။

တော်ဝင်ထိုင်းအစိုးရ၏ ချက်ချင်းလက်ငင်းတုန့်ပြန်ချက်သည် အားရဖွယ်ကောင်းခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် MOI က အန်ဂျီအိုများအား ဝင်ငွေဖန်းတည်းပေးသော ဖြစ်နိုင်ချေ သင်တန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ထိုနှစ်အတွင်းမှာပင် စခန်းများအတွင်း ပညာရေးမြင့်မားမှုနှင့် စခန်း ၃ ခုအတွင်း စမ်းသပ်ပရောဂျက်များမှတဆင့် ဖြစ်နိုင်ချေ အလုပ်ခန့်အပ်မှုများကို ရှာဖွေစဉ်းစားမည်ဟု တော်ဝင်ထိုင်းအစိုးရက ကတိကဝတ်ပြုခဲ့သည်။

လုပ်ငန်းစုံစီမံကိန်းအား ဆက်တိုက်ဆိုသလို အချက်အလက်များ ဆက်လက်ဖြည့်ဆည်းခဲ့ပြီး ၂၀၀၇ / ၈ ခုနှစ်အတွက် နောက်ဆုံးပုံစံအား ၂၀၀၇ ခုနှစ် မေလတွင် ပြုလုပ်သော အစည်းအဝေးတခုတွင် အလှူရှင်များနှင့် တော်ဝင်ထိုင်းအစိုးရထံသို့ တင်ပြခဲ့သည်။

(http://www.ccsdpt.org/download/ccsdpt_plan_english2007.pdf).

ယခုအချိန်အထိပင် ယင်းစီမံချက်အား ခိုင်မာသော လုပ်ငန်းတခုအဖြစ် ပြန်လည်သွတ်သွင်းရန်အတွက် အခက်အခဲ ရှိနေသေးသည်။ အန်ဂျီအို အချို့၏ အသက်မွေးဝမ်းကြောင်းသင်တန်းအစီအစဉ်များ ချဲ့ထွင်နေသော်လည်း ဝင်ငွေဖန်တည်းပေးသော ပရောဂျက် အနည်းငယ်သည်သာ အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်သေးသည်။ မယ်လစခန်း ပြင်ပတွင် စိုက်ပျိုးရေးစီမံချက်တခု တည်ဆောက်ထားခြင်း၊ လက်တဆုပ်စာမျှသော ဒုက္ခသည်များအတွက်သာ ထိုင်းတက္ကသိုလ်များ၌ ပညာသင်ကြားနိုင်ခွင့်ပြုရေး စဉ်းစားထားခြင်း စသည့်ကိစ္စရပ်များသာ ဖြစ်ထွန်းနေဆဲဖြစ်ပြီး ဒုက္ခသည်အများစု ဘဝများ ပြောင်းလဲခြင်း မရှိသေးပေ။ မဝေးလှသော ကာလအတွင်း ဒုက္ခသည်များ ကိုယ့်အားကိုယ်ကိုးနိုင်သော အရေးကြီးသည့်အဆင့်တခုအဖြစ်သို့ ရောက်ရှိလာရေးမျှော်မှန်းချက်အတွက်လုံလောက်သော အားစိုက်ထုတ်မှု အရှိန် မရှိသေးပေ။

ကြုံတွေ့ခဲ့ရသော အခက်အခဲများတွင် လုပ်ငန်းအသစ်များ ဖန်တည်းရန်အတွက် နည်းပညာနှင့် ငွေကြေးအရင်းအမြစ်နည်းပါးမှု နှင့် ပရောဂျက်များအတွက် တော်ဝင်ထိုင်းအစိုးရထံမှ သဘောတူညီချက်ရရှိရန် ခက်ခဲခြင်းများ ပါဝင်သည်။ ဒုက္ခသည်ကိစ္စရပ်အား ဖြေရှင်းရန်အတွက် တော်ဝင်ထိုင်းအစိုးရတွင် ရေရှည်မူဝါဒတခု တည်ဆောက်ထားခြင်းမရှိခြင်းမှာ အဓိက အခက်အခဲတခုဖြစ်သည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော တော်ဝင်ထိုင်းအစိုးရနှင့် အန်ဂျီအိုများအကြားပြုလုပ်သော နှစ်ပတ်လည်အစည်းအဝေးတခုတွင် တော်ဝင်ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူများက နိုင်ငံတော်လုံခြုံရေးအတွက် စခန်းများကို ထိန်းချုပ်ထားရန် လိုအပ်ကြောင်းနှင့် ဒုက္ခသည်များသည် စခန်းစည်းအတွင်းတွင်သာ နေထိုင်ရန်လိုအပ်သည်ကိုသာ အထူးအလေးပြု ပြောဆိုခဲ့ကြသည်။

အလုပ်ရှင်အချို့က တိုးတက်မှုများ မရှိနေခြင်းအပေါ် ၎င်းတို့၏ စိုးရိမ်ချက်များကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၀၇ ခုနှစ်အတွင်း ယင်းကိစ္စရပ်အား ဖြေရှင်းရန်အတွက် အလုပ်ရှင်အလုပ်အဖွဲ့အစည်းအဝေးတရပ်ကျင်းပခဲ့သည်။ CCSDPT၊ UNHCR နှင့် အခြား တော်ဝင်ထိုင်းအစိုးရ ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးများ ကြိမ်ဖန်များစွာ ကျင်းပပြီးနောက် UNHCR / CCSDPT သည် နှစ်လတ်စီမံကိန်း (၅ နှစ်) ဗဟာဗျူဟာတရပ်ချ၍ လုပ်ဆောင်သင့်သည်ဟု သဘောတူညီခဲ့သည်။ ယခုအစီရင်ခံစာရေးသားနေသော အချိန်တွင် ယင်းမဟာဗျူဟာပါ အချက်အလက်များကို ဆက်လက်ဆွေးနွေးနေဆဲဖြစ်ပြီး လာမည့်လများတွင် ဒုက္ခသည်များကိုယ့်အားကိုယ်ကိုးရေးအား တိုးမြှင့်ရန်နှင့် အကူအညီမှီခိုမှုအား လျော့ချပေးရေးအား ဦးတည်သော နှစ်လတ်မဟာဗျူဟာတခုအပေါ် တော်ဝင်ထိုင်းအစိုးရ၏ သဘောတူညီချက်ရယူရန်အတွက် အလုပ်ရှင်များသည် UNHCER၊ CCSDPT တို့နှင့် တွေ့ဆုံမည်ဖြစ်သည်။

## (ဂ) ရွှေ့ပြောင်းအလုပ်သမားများ

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားပေါင်း ၂ သန်းကျော်ရှိပြီး၊ ထိုအနက်မှ အနည်းဆုံး ၈၀ ရာခိုင်နှုန်းသည် မြန်မာပြည်မှ လာရောက်သူများဟု ယူဆရသည်။ လွန်ခဲ့သောကာလများတွင် ရွှေ့ပြောင်းအလုပ်သမားအပေါ် ချမှတ်ထားသော မူဝါဒသည် ယာယီသဘောမျိုးသာဖြစ်၍ ရေရှည်မဟာဗျူဟာမျိုး မဟုတ်ခဲ့ပေ။ နှစ်စဉ်အလိုက် သဘောတူညီထားသည့် ခွဲတမ်းမှတ်ပုံတင်ခြင်းမျိုးသာ ဖြစ်ပြီး ယင်းမှတ်ပုံတင်လုပ်ငန်းသည် စုစုပေါင်း အလုပ်သမားဦးရေ၏ အစိတ်အပိုင်းတခုကိုသာ လွှမ်းခြုံနိုင်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှစ၍ မှတ်ပုံတင်ခြင်းလုပ်ငန်းသည် ပို၍နည်းလမ်းတကျဖြစ်လာခဲ့ပြီး၊ မှတ်ပုံတင်အလုပ်သမားဦးရေ ပို၍ များပြားလာခဲ့သည်။ သို့သော် အလုပ်သမား အများစုသည် ဝန်ဆောင်စားရိတ်များပြားမှုနှင့် ဗျူရိုကရေစီယန္တရားကြောင့် လာရောက်မှတ်ပုံမတင်ပဲ ရှိနေသေးသည်ဟု ယုံကြည်ရသည်။

အများဆုံးမှတ်ပုံတင်ခြင်းသည် ၂၀၀၄ ခုနှစ် ဖြစ်ပေါ်ခဲ့သည်။ အလုပ်သမားနှင့် မှီခိုအပါအဝင် ရွှေ့ပြောင်းအလုပ်သမားပေါင်း ၁၂၈၄၉၂၀ ဦး မှတ်တမ်းတင်ခဲ့သည်။ တနှစ်တာ အလုပ်သများလက်မှတ် ၈၄၈၅၅၂ ခု ထုတ်ပေးခဲ့ပြီး ထိုင်းကျန်းမာရေးဌာနသို့ ဆေးကုသခွင့်ကိုပါ ခွင့်ပြုခဲ့သည်။ နောက်ထပ် ၃ နှစ် ကာလအတွင်း လတ်မှတ်ထုတ်ထားပေးသော ရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည်မှတ်ပုံတင်ရန် ခွင့်ပြုခဲ့သော်လည်း နှစ်စဉ်အလိုက် မှတ်ပုံတင်အလုပ်သမားဦးရေ ကျဆင်းလာခဲ့သည်။ ၂၀၀၆ ခုနှစ်အတွင်း အလုပ်သများလက်မှတ် နောက်ထပ် ၂၀၈ ၅၆၂ ခု ထုတ်ပေးခဲ့သည်။ သို့သော် ၂၀၀၇ ခုနှစ်တွင် မှတ်ပုံတင်အလုပ်သမား ၅၃၂ ၃၀၅ ဦးသာရှိခဲ့ပြီး၊ ၄၈၅၆၂၅ ဦးမှာ မြန်မာအလုပ်သမားများ ဖြစ်သည်။

၂၀၀၈ ခုနှစ်အတွက် ယခင်မှတ်ပုံတင်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ဒဏ်ငွေပေးဆောင်စရာမလိုပဲ အလုပ်သမားလက်မှတ်ပြန်လည်လျှောက်ထားနိုင်ပြီး၊ ထိုလက်မှတ်သည် ၂ နှစ်ကြာ တရားဝင်မည်ဟု တော်ဝင်ထိုင်းအစိုးရက ထုတ်ပြန်ကြေငြာခဲ့သည်။ ထိုအစီအစဉ်ကြောင့် မှတ်ပုံတင်ဦးရေ အရေအတွက် ပို၍ များပြားလာနိုင်သော်လည်း ယခင်မှတ်ပုံမတင်ရသေးသူ ထောင်ချီသော ရွှေ့ပြောင်းအလုပ်သမားများသည် မှတ်ပုံတင်ခွင့် မရရှိသေးသူများ အဖြစ်ဆက်လက်ရှိနေဦးမည်သာ ဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားအများအပြားသည် စခန်းအတွင်းနေထိုင်နေသူများကဲ့သို့ပင် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကြောင့် ၎င်းတို့အိုးအိမ်များသို့ ထွက်ပြေးစွန့်ခွာလာရသည့် “ဒုက္ခသည်များ”ပင်ဖြစ်သည်။ ၎င်းတို့သည် စခန်းအတွင်း ဝင်ရောက်မနေထိုင်ရခြင်းအကြောင်းမှာ ၎င်းတို့၏ ရွေးချယ်ချက်အရသော်လည်းကောင်း၊ တူညီသောလူမှုအဝန်းအဝိုင်းမှ မဟုတ်၍သော်လည်းကောင်း သို့မဟုတ် လက်တွေ့ကျသော ဝင်ခွင့်ပြုသည့် စနစ် ၎င်းတို့အတွက် မရှိခြင်းကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ ရွှေ့ပြောင်းအလုပ်သမားများသည် အနိုင်ကျင့်ခံရမှု၊ အမြတ်ထုတ်ခံရခြင်းများအတွက် အကာအကွယ်မဲ့သည့် အခြေအနေတွင် ရှိနေသေးသော်လည်း ရွှေ့ပြောင်းအလုပ်သမားလက်မှတ်သည် တစုံတရာ အကာအကွယ်ပေးခြင်းနှင့် ဝင်ငွေဖန်တည်းပေးသော အခွင့်အလမ်းတခုကို ဆောင်ကျဉ်းပေးနိုင်သည်။ ရွှေ့ပြောင်းအလုပ်သမားကိစ္စရပ်များအား ပိုမိုသိမြင်နားလည်းနိုင်ခြင်းနှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းတွင် အတွေ့အကြုံရှိခြင်းက အဆုံးသတ်တွင် ဒုက္ခသည်များဆိုင်ရာ မူဝါဒအပေါ်တွင် သတ်ရောက်မှုရှိလာနိုင်သည်။ ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်အားများစွာ လိုအပ်နေပြီး၊ ဒုက္ခသည်များသည်လည်း ထိုင်းစီးပွားရေးအတွက် အလုပ်သမားအရင်းအမြစ်တခုနှင့် အထောက်အကူ ဖြစ်ကောင်း ဖြစ်နိုင်သည်။

(ဃ) နိုင်ငံတွင်း အိုးအိမ်မဲ့ခြင်း။ မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း အခြေအနေ

ထိုင်းနိုင်ငံတွင် နေထိုင်နေသော အသစ်ဒုက္ခသည်အများစုသည် မြန်မာနိုင်ငံအတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်ခဲ့သူများ ဖြစ်ကြသည်။ လူထုအခြေပြုအဖွဲ့အစည်းများက ပြုလုပ်သော ကွင်းဆင်းစစ်တမ်းများအရ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း နိုင်ငံတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်သူဦးရေ အနည်းဆုံး သန်းတဝက်ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ ၂၀၀၇ ခုနှစ်တွင် ယင်းခန့်မှန်းချေလူဦးရေတွင် တိုင်းရင်းသားလူမျိုးစုများ ထိန်းချုပ်ရာ အပစ်ရပ်ဒေသများအတွင်း တည်ရှိသော ယာယီစခန်းများအတွင်း နေထိုင်သူ ခန့်မှန်းချေ ပြည်သူ ၂၉၅၀၀၀ ဦး၊ ပဋိပက္ခ နှင့် ကျူးလွန်မှုများ အဖြစ်များဆုံးသော ဒေသအတွင်း နအဖ၏ ရန်မှ ပုန်းရှောင်နေကြသော အရပ်သားပြည်သူ အနည်းဆုံး ၉၉၀၀၀ နှင့် နအဖ၏ အတင်းအကြပ်ပြောင်းရွှေ့ရေးအမိန့်အား လိုက်နာ၍ သတ်မှတ်ရာရွှေ့ပြောင်းရေးစခန်းများအတွင်းနေထိုင်နေရသော ကျေးရွာသား ၁၀၉၀၀၀ ဦးတို့ပါဝင်သည်။ အောက်ဖော်ပြပါ ဇယားကွက်သည် ၂၀၀၇ ခုနှစ် အကုန်ပိုင်းအထိ နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူများ၏ ဖြန့်ကျက်မှုများ အကျဉ်းချုပ်တင်ပြထားပြီး၊ နောက်ဆက်တွဲ (ဆ) တွင် နိုင်ငံတွင်းအခြေမဲ့ဖြစ်ရမှု၏ အကြောင်းရင်း အကျဉ်းချုပ်ကို ဖော်ပြထားသည်။

၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံအရှေ့ခြမ်း နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူများ ဖြန့်ကျက်မှု

| ပြည်နယ်နှင့် တိုင်းများ | ပုန်းအောင်းနေ ထိုင်နေသော **IDP** ပြည်သူများ | ရွှေ့ပြောင်းရေးစခန်းများတွင် နေထိုင်နေသော **IDP** ပြည်သူများ | အပစ်ရပ်ဒေသများတွင် နေထိုင်သော **IDP** ပြည်သူများ | စုစုပေါင်း **IDP** ပြည်သူဦးရေ |
|---|---|---|---|---|
| တောင်ပိုင်း ရှမ်းပြည်နယ် | 13,700 | 24,100 | 126,000 | 163,000 |
| ကရင်နီ ပြည်နယ် | 10,000 | 4,800 | 66,200 | 81,000 |
| ပဲခူးတိုင်း အရှေ့ခြမ်း | 18,700 | 12,200 | 0 | 30,900 |
| ကရင်ပြည်နယ် | 51,600 | 9,700 | 55,600 | 116,900 |
| မွန်ပြည်နယ် | 600 | 7,200 | 41,600 | 49,400 |
| တနင်္သာရီတိုင်း | 4,400 | 51,000 | 5,600 | 61,000 |
| **Overall:** | **99,000** | **109,000** | **295,000** | **503,000** |

**တောင်ပိုင်းရှမ်းပြည်နယ်။** ။ အစားထိုးလောင်စာဆီအဖြစ် ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်ရန်အတွက် ကြက်ဆူပင်စိုက်ပျိုးရေး နိုင်ငံတော်၏ တောင်းဆိုမှုသည် ပိုမိုခိုင်မြဲထွင်တိုးပွားလာခဲ့သည်။ စစ်အစိုးရသည် မြို့နယ် လက်အောက်ခံ ကြီးကြပ်ရေး ကော်မတီများဖွဲ့စည်း၍ မြေယာသိမ်းယူခြင်း၊ အဓမ္မငွေတောင်းခံခြင်းနှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းများ စသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကို ပို၍ စနစ်တကျ ကျူးလွန်လာနေသည်။ ခွဲတမ်းကျစိုက်ပျိုးပေးရခြင်း ဝန်ထုတ်ဝန်ပိုးသည် သာမန်ရွာသားများအပေါ်သို့ ကျရောက်လာပြီး အကျိုးအမြတ်များမှာ စစ်အစိုးရထံသို့သာ ရောက်ရှိနေသည်။ ၂၀၀၆ ခုနှစ်၌ ကွန်ဟင်းမြို့နယ်တွင် ကြက်ဆူပင်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းခဲ့ပြီးနောက် အာဏာပိုင်များက ၂၀၀၇ ခုနှစ်အတွက် ထုတ်ကုန် ၂ ဆခွဲတမ်းပေးရန် တောင်းဆိုခဲ့သည်ဟု သိရသည်။ ကြက်ဆူပင်စိုက်ခင်းအတွက် အတင်းအဓမ္မလုပ်အားပေးခိုင်းခံခဲ့ရကြောင်းကို မကြာသေးမီက ရောက်ရှိလာသော ဒုက္ခသည်အသစ်များက ပြောပြခဲ့သည်။ ယင်းအချက်သည် ၂၀၀၇ ခုနှစ်အတွင်း၌ ဒုက္ခသည်များသည် ၎င်းတို့အိုးအိမ်များအား စွန့်ခွာ၍ ထိုင်းနယ်စပ်သို့ထွက်ပြေးလာရသော အဓိကအကြောင်းရင်းတရပ်လည်း ဖြစ်သည်။

**ကရင်နီ(ကယား) ပြည်နယ်။** ။ စစ်အစိုးရက မော်ချီးမှ တောင်ငူသို့သွားသော ကာလမ်းဖောက်လုပ်နေသော ဖါးဆောင်းမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားရာဒေသများ၌ အသက်အန္တရာယ်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် အန္တရာယ်ကြီးစွာ ကျရောက်နေသည်။ လမ်းပြင်ရန်အတွက် အတင်းအကြပ်လုပ်အားပေးခိုင်းစေမှုနှင့် အဖျက်လုပ်ငန်းများ

ရန်မှ လုံခြုံမှုရှိစေရန်အတွက် သွားလာခွင့်များအပေါ် ကန့်သတ်ချုပ်ချယ်ခြင်းများပြုလုပ်သောကြောင့် ဒေသခံရွာသားများအတွက် လယ်ကွင်းများ၊ သစ်တောများ၊ ဈေးများသို့ သွားနိုင်သော အခြေအနေ နည်းပါးလာစေသည်။ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျေးရွာခေါင်းဆောင်များဖြင့် တွေ့ဆုံသော အစည်းအဝေးတခုတွင် နအဖ ခလရ အမှတ် ၇၂ က ၎င်းတို့လှုပ်ရှား စစ်ကြောင်းများ (ကရင်နီးအမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့နှင့် ပူးတွဲဆောင်ရွက်သည်။) က အနီးပတ်ဝန်းကျင် သစ်တောများအား သူပုန်နေရာများအဖြစ် ဆက်လက်သတ်မှတ်ထားကြောင်းကို အတည်ပြု ပြောကြားခဲ့သည်။ ထိုသစ်တောများအတွင်း တွေ့ရှိသူမည်သူမဆိုအား ပစ်သတ်နိုင်ပြီး မြေမြှုပ်မိုင်းများလည်း နေရာအနှံ့ ချထားဆဲ ဖြစ်သည်။

**ကရင်ပြည်နယ်နှင့် ပဲခူးတိုင်း အရှေ့ခြမ်း။** ။ မြန်မာနိုင်ငံအတွင်း အဆိုးဝါးဆုံးသော လူသားချင်းဆိုင်ရာ ကျူးလွန်မှုများကို မြန်မာစစ်တပ်က မြောက်ပိုင်းကရင်ပြည်နယ်တွင် ဆက်လက်ကျူးလွန်နေဆဲဖြစ်သည်။ စစ်ရေးတိုးချဲ့မှုသည် လမ်းသစ်ဖောက်လုပ်ခြင်းနှင့် တဆက်တည်းဖြစ်သည်။ အသစ်ဖောက်လုပ်နေသော လမ်းများသည် မြောက်ပိုင်း ကရင်ပြည်နယ်အား လေးပိုင်းပိုင်းလိုက်သည်။ သောင်းကျန်းသူဆန့်ကျင်ရေး စစ်ဆင်ရေးများအား လက်လှမ်းမီရန်အတွက် မြန်မာစစ်တပ်စခန်းသစ်များ တိုးချဲ့ခဲ့ပြီးဖြစ်သည့်အပြင်၊ နိုင်ငံတော်မှ ကျောထောက်နောက်ခံ ပေးထားသော ဖွံ့ဖြိုးရေးစီမံကိန်းများက လူသားလုံခြုံမှုအတွက် မည်မျှ အန္တရာယ်ဖြစ်နေသည်ကိုလည်း ဖေါ်ပြနေသည်။ လှုပ်ရှားစစ်ကြောင်းများက လက်နက်ကိုင် အတိုက်အခံအဖွဲ့ တခုဖြစ်သော ကရင့်အမျိုးသားအစည်းအရုံး (KNU) လှုပ်ရှားဒေသများအတွင်း လူနေအိမ်များ ရှာဖွေခြင်းဖြင့် အရပ်သားပြည်သူများအပေါ် စနစ်တကျချိုးဖောက်မှုများ အမြဲတစေ ဖြစ်ပွားလျက်ရှိသည်။ လူနေအိမ်များ၊ တောင်ယာစိုက်ခင်းများ တွေ့ရှိပါက လက်နက်ကြီးများဖြင့် တရစပ်ပစ်ခတ်ကြသည်။ ထို့နောက် ခြေလျင်စစ်သားများက ထိုနေရာသို့ ဝင်ရောက်ရှင်းလင်းကာ တွေ့ရှိသမျှ အစားအစာများ၊ အိမ်မွေးတိရစ္ဆာန်များ နှင့် ပစ္စည်းဥစ္စာများကို သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးပစ်ကြသည်။ ထို့နောက် ရွာသားများ ၎င်းတို့အိမ်များသို့ ပြန်လာသည်ကို သိရှိရန်အတွက် မြေမြှုပ်မိုင်းများပါ ထောင်ထားတက်သည်။

**တောင်ပိုင်းမွန်ပြည်နယ်။** ။ မွန်ခွဲထွက်အဖွဲ့သည် မြန်မာစစ်တပ်အတွက် မဆိုသလောက်သာ လက်နက်ကိုင်အား ရှိသော အဖွဲ့အစည်းတခုဖြစ်သည်။ သို့သော် နအဖသည် ထိုကဲ့သို့ အဖွဲ့အစည်းများတည်ရှိမှုကို အသုံးချ၍ အရပ်သား ပြည်သူများအပေါ် ရက်စက်သောနည်းလမ်းများဖြင့် ထိန်းချုပ်ခဲ့သည်။ လယ်သမားများ လယ်ကွင်းတွင် ညအိပ်ခွင့် မပြုသောကြောင့် သီးနှံများစောင့်ရှောက်ရန်အတွက် လုံးဝမဖြစ်နိုင်ပေ။ ရေးမြို့နယ် တောင်ဖက်ခြမ်းတွင် ဘရောင်းရွာသားများသည် ခွဲထွက်အုပ်စုနှင့် အဆက်အသွယ်ရှိသည်ဟူသော မခိုင်လုံသော စွတ်စွဲချက်တခုက ရွာတရွာလုံးအား အတင်းအကြပ်မောင်းထုတ်၍ ခေါဇာရွာသို့ ရွှေ့နိုင်ရန်အတွက် လုံလောက်သော အချက်တခု ဖြစ်ခဲ့သည်။ ပြောင်းရွှေ့စဉ်အတွင်း နှိပ်စက်ခံရသည်ဟူသော သတင်းပေးပို့မှုများနှင့် ဘုန်းတော်ကြီး ကျောင်းများပင် မောင်းထုတ်ခံ ခဲ့ရသည်ဟုလည်း သိရသည်။

**တနင်္သာရီတိုင်း။** ။ ရွှေ့ပြောင်းရေးစခန်းများအတွင်း နေထိုင်နေကြသော ရွာသားများ၏ ဘဝသည် ၂၀၀၇ ခုနှစ်အတွင်း နအဖ၏ အတင်းအကြပ်လုပ်အားပေးခိုင်းစေမှုနှင့် မြေယာသိမ်းဆည်းမှုတို့ကြောင့် ပို၍ ဆင်းရဲတွင်းနက်ခဲ့ရသည်။ စစ်တပ်တိုးချဲ့မှုအား စုစည်းရန်အတွက် ရွှေ့ပြောင်းရေးစခန်းများနေ ရွာသားများသည် လစဉ် နယ်စပ်စခန်းများသို့ စစ်တပ်ရိက္ခာများ ပို့ပေးခဲ့ရသည်။ စစ်တပ်စခန်းအသစ်အနီးတဝိုက်ရှိ ကွမ်းသီးခြံများ အသိမ်းခံရပြီး၊ ရွာသားများသည် ၎င်းတို့ပိုင်ခဲ့သော ခြံမြေယာများတွင် စစ်တပ်အတွက် ပြန်လည်စိုက်ပျိုးပေးရသဖြင့် နှစ်ကြော့ပြန်ခံရကိန်း ဆိုက်ခဲ့ရသည်။ ထောင်သောင်းချီသော လယ်ကေများအား ထိုင်း သို့မဟုတ် မလေးရှားရင်းနှီးမြှုပ်နှံသူများက ငွေကြေးစိုက်ထုတ်၍ ဒေသခံတပ်မှူးနှင့် ဖက်ဆပ်လုပ်ကိုင်သော စီးပွားဖြစ် စိုက်ခင်းများ အထူးသဖြင့် ဆီအုန်းစိုက်ခင်း နှင့် ရာဘာစိုက်ခင်းများအတွက် သိမ်းယူခဲ့ကြသည်။

## (c) နိုင်ငံရေးဖြစ်ထွန်းမှုများ

၂၀၀၆ခုနှစ်က ယခင်တာဝန်ဟောင်းဖြစ်သော နိုင်ငံရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ဖြင့် မြန်မာနိုင်ငံသို့ နှစ်ခေါက် သွားရောက်လည်ပတ်ခဲ့သည် မစ္စတာ ဂမ်ဘာရီအား မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် အဖြစ် အတည်ပြုခန့်အပ်ကြောင်းကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက၂၀၀၇ ခုနှစ် မေလတွင် အတည်ပြု ပြောကြားခဲ့သည်။ ဇူလိုင်လတွင် မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံ၏ အခိုင်မာဆုံးသော မဟာမိတ်နိုင်ငံများဖြစ်သည့် တရုတ်၊ ရုရှ၊ အိန္ဒိယ နှင့် အာဆီယမ်အဖွဲ့အတွင်းရှိ အချို့နိုင်ငံများအပါအဝင် အခြားနိုင်ငံများသို့ အကြံပြုဆွေးနွေးခြင်းခရီးစဉ်တခုကို ကျယ်ကျယ်ပြန့်ပြန့် ခြေဆန့်ခဲ့သည်။

ဩဂုတ်လ ၁၅ ရက်နေ့တွင် နအဖသည် လောင်စာဆီဈေးနှုန်းအား အဆ ၅၀၀ တိုးမြှင့်လိုက်သဖြင့် နိုင်ငံအဝှမ်း ဆန္ဒပြပွဲငယ်များမှ စတင်ခဲ့သော ငြိမ်းချမ်းသော ဆန္ဒပြပွဲများသည် သံဃာတော်များဆောင်ခဲ့သော လူထောင်သောင်းချီ ပါဝင်သည့် စက်တင်ဘာလှုပ်ရှားမှုအထိ ဖြစ်ပွားခဲ့သည်။ မြန်မာစစ်တပ်က ရက်စက်စွာဖြိုခွင်းမှုအား ကမ္ဘာအဝှမ်းရှိ ရုပ်မြင်သံကြားကြည့်နေသူ ပရိတ်သတ်က ကြောက်လန့်တကြား ကြည့်ခဲ့ရသည်။ လူအများအပြား အသတ်ခံခဲ့ရပြီး၊ ထောင်သောင်းချီ၍ အဖမ်းခံခဲ့ရသည်။

စက်တင်ဘာလ ၃ ရက်နေ့ ဆန္ဒပြပွဲများ၏ အစောပိုင်းအဆင့်များတွင် နအဖသည် လွန်ခဲ့သော ၁၄ နှစ် ၁၉၉၃ ခုနှစ်မှစတင်ခဲ့သော အမျိုးသားညီလာခံ၏ ၁၁ ကြိမ်မြောက် နောက်ဆုံးပိတ် အဆုံးသတ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ကြေငြာခဲ့သော ၎င်းတို့အခေါ် “ဒီမိုကရေစီလမ်းပြမြေပုံ”ပါ အဆင့် ၇ ဆင့်၏ ပထမအဆင့်ကို ပြီးမြောက် သွားခဲ့သည်။

ဆန္ဒပြချီတက်ပွဲများပြီးနောက်ပိုင်းတွင် နိုင်ငံတကာအသိုင်းအဝန်းသည် ယခင်ထက် ပို၍ အားကောင်းတုန့်ပြန်ချက်များဖြင့် တုန့်ပြန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဩစတေးလျ၊ ကနေဒါ နှင့် အခြားတိုင်းပြည်များက ပိုမိုပြင်းထန်သော ပြစ်ဒဏ်ခတ်မှုများ ချမှတ်ခဲ့ပြီး၊ မြန်မာနိုင်ငံသို့ စက်တင်ဘာလအကုန်နှင့် နိုဝင်ဘာလတွင် နောက်ထပ် တဖန် သွားရောက်ခဲ့သော မစ္စတာ ဂမ်ဘာရီ ဦးဆောင်သော နိုင်ငံရေးလုပ်ငန်းစဉ်အား တရုတ်နှင့် အာဆီယမ်အဖွဲ့ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ ထောက်ခံမှု ရရှိခဲ့သည်။ မစ္စတာဂမ်ဘာရီအား စစ်အစိုးရ၊ အတိုက်အခံတို့နှင့် ထိတွေ့ခွင့်အား အကန့်အသတ်ဖြင့်သာ ပေးထားသော်လည်း အပေါင်းလက္ခဏာဆန်သော အဆင့်တချို့ ပေါ်ထွန်းခဲ့သည်။ ထိုအရာများမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရအကြား ဆက်ဆံရေးအရာရှိအဖြစ် ဗိုလ်မှူးချုပ်အောင်ကြည်အား ခန့်အပ်ထားမှု၊ နအဖ က ဒေါ်အောင်ဆန်းစုကြည်အား အန်အယ်ဒီခေါင်းဆောင်များနှင့် တွေ့ခွင့်ပေးမှု၊ ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်အား ထောက်ခံသော ကြေငြာချက် တစောင်ထုတ်ပြန်ပြီး၊ နိုင်ငံပိုင် ရုပ်မြင်သံကြားများတွင် ပြသမှု နှင့် နအဖက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ပီနဲရိုးအား နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ ပြန်လည် လည်ပတ်ခွင့် စသည်တို့ဖြစ်ခဲ့သည်။

သို့သော် ယခုအချိန်တွင် စစ်အစိုးရသည် သူ၏ လမ်းပြမြေပုံအား သူ့နည်းသူ့ဟန်ဖြင့် ဆက်လက်လုပ်ဆောင် သွားမည်ဟူသော ဆုံးဖြတ်ချက်ကို ပြန်လည်အသက်သွင်းနေခဲ့ပြန်သည်။ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အမျိုးသားညီလာခံမှ အတည်ပြုခဲ့သော အခြေခံမူများအား အခြေခံ၍ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး တာဝန်အား အမည်ဖော်ပြမထားသော ၅၄ ကော်မတီအား ခန်အပ်တာဝန်ပေးခြင်းဖြင့် ၎င်း၏ ဒုတိယအဆင့်ကို ထုတ်ပြန်ကြေငြာခဲ့သည်။

၂၀၀၈ ခုနှစ် အစပိုင်းတွင် စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးဆီသို့ ဦးတည်သော စစ်မှန်သော တိုးတက်မှုအပေါ်ထားရှိသော မျှော်လင့်ချက် ရောင်ခြည်များ ချက်ချင်းဆိုသလို ပျောက်ကွယ်သွားခဲ့သည်။ ဒီဇင်ဘာလတွင် လူထုအုံကြွမှုအထိ ပေါ်ပေါက်ခဲ့ရသော စစ်အစိုးရ၏ စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် ပျက်ကွပ်ခဲ့မှုအား ဝေဖန်မှုကြောင့် နအဖက ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းဆိုင်ရာလုပ်ငန်းများ တာဝန်ခံ ချားလ်စ် ပီထရီအား သူ၏ လုပ်ငန်းလုပ်ခွင့်ကို ထာဝရ ပိတ်ပင်ခဲ့သည်။ ဇန်နဝါရီလတွင် ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်မှူးချုပ်အောင်ကြည်နှင့် လေးကြိမ်သာတွေ့ခွင့်ရခဲ့ပြီး၊ စစ်အစိုးရနှင့် အခြားဆက်သွယ်မှု တစုံတရာသို့ ဦးတည်ခဲ့ခြင်း မရှိပေ။ ဒေါ်အောင်ဆန်းစုကြည်သည် အကျယ်ချုပ်ဘဝဖြင့် ဆက်လက်ရှိနေပြီး၊ ပြင်ပအဆက်အသွယ် လုံးဝနီးပါး မရှိပေ။ ကနဦးပိုင်းတွင် ပေးခဲ့သော ကတိများနှင့် ဆန့်ကျင်ကာ နအဖသည် စက်တင်ဘာ အုံကြွမှုတွင် ပါဝင်သူများကို ဆက်လက်ဖမ်းဆီးနေဆဲဖြစ်ပြီး၊ မစ္စတာဂမ်ဘာရီကိုလည်း နောက်ထပ်လည်ပတ်ခွင့် မပြုတော့ပေ။

ကုလသမဂ္ဂနှင့် အစိုးရတော်တော်များများက တိုးတက်မှုများမရှိခြင်းအပေါ် စိုးရိမ်ချက်များကို ဖော်ပြသော ပြင်းထန်သော ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြသလို မစ္စတာဂမ်ဘာရီအား တွေ့ဆုံဆွေးနွေးလုပ်ငန်းစဉ် တိုးတက်လာစေရန်အတွက် ပြန်လည်သွားရောက်ခွင့်ပြုရမည်ဟုလည်း တောင်းဆိုခဲ့သည်။ ဥရောပ ကော်မရှင်က မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်တဦး အဖြစ် မစ္စတာ ပီရို ဖာဆိုအား ခန့်အပ်လိုက်ပြီး၊ ရှေ့လုပ်ငန်းစဉ်များတွင် သဘောတူညီချက်များ ရယူရန်အတွက် ဇန်နဝါရီလတွင် အာရှနိုင်ငံများအလည်အပတ်ခရီးစဉ်ကို သူကစတင်ခဲ့သည်။

ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ အန်အယ်ဒီပါတီဝင် လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံခွင့် ထပ်မံရရှိခဲ့ပြီး၊ ထိုအစည်းအဝေး၌ မျှော်လင့်ချက်အမှားများအပေါ် သူမ၏ စိုးရိမ်ချက်ကို ထုတ်ဖော်ပြခဲ့သည်။ “အကောင်းဆုံးအတွက် မျှော်လင့်ထားသလို၊ အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထားကြပါ” ဟု သူမက အမျှော်အမြင်ကြီးစွာ ပြောခဲ့သည်ဟု သိရသည်။ မေလတွင် လူထုဆန္ဒခံယူပွဲကျင်းပပြီး၊ ၂၀၁၀ တွင် ရွေးကောက်ပွဲ

ကျင်းပမည်ဟု နအဖက ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သဖြင့် အားလုံးအတွက် အံ့အားသင့်စရာ ဖြစ်ခဲ့သည်။ ယခုအစီရင်ခံစာ အချောသပ်နေသော ဖေဖော်ဝါရီလ ၁၉ရက်နေ့တွင် စစ်အစိုးရ မူကြမ်းရေးဆွဲရေး ကော်မတီသည် အခြေခံဥပဒေမူကြမ်းရေးဆွဲခြင်းလုပ်ငန်းအား ပြီးမြောက်သွားပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပြီး၊ နိုင်ငံခြားရေးဝန်ကြီးညဏ်ဝင်းက အာရီယမ်ခေါင်းဆောင်များအား ဒေါ်အောင်ဆန်းစုကြည်သည် ကွယ်လွန်သူ နိုင်ငံခြားသား မိုက်ကယ်အဲရစ်အား လက်ထပ်ခဲ့သဖြင့် ပါဝင်ခွင့်မရှိဟု ပြောခဲ့သည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ် သို့မဟုတ် စေ့စပ်ဆွေးနွေးမှုများတွင် အတိုက်အခံပါတီများ နှင့် တိုင်းရင်းသားလူမျိုးစုများ ပါဝင်ခွင့်ရေးရမည်ဟူသော နိုင်ငံတကာ၏ ဖိအားအပေါ် နအဖက ငြင်းဆန်ရန် ရည်ရွယ်ထားသလို၊ သူ၏ ထိန်းချုပ်မှုအောက်တွင်သာရှိရမည့် ဗဟိုချုပ်ကိုင်မှုရှိသော အစိုးရတရပ်အခိုင်အမာ ပေါ်ပေါက်ရေး အတွက် နအဖက ဆုံးဖြတ်ချက်ချထားသည်မှာ မြေကြီးလက်ခတ်မလွဲသော ကောက်ချက်တခုဖြစ်သည်။ ပုံမှန်အတိုင်းပင် နိုင်ငံတကာအသိုင်းအဝန်းက မည်သို့သော သင့်တော်သည့် နည်းလမ်းဖြင့် တုန့်ပြန်ရမည်ကို ကြိုးပမ်း ရှာဖွေနေကြသည်။ အနောက်နိုင်ငံအချို့က ယင်းကြေငြာချက်အား ပြင်းထန်စွာ ဝေဖန်ခဲ့ကြပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီးမွန်းက လူထုဆန္ဒခံယူပွဲသည် ပြည်သူအားလုံး၏ အမြင်များကို ကိုယ်စားပြုရမည်ဖြစ်ပြီး၊ လူထု၏ ဆန္ဒအမှန်ကို ထင်ဟပ်ရမည်ဟု သတိပေးခဲ့သည်။ သို့သော် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ချ်ယိုက ဒေါ်အောင်ဆန်းစုကြည် အား ရွေးကောက်ပွဲတွင် ဝင်ခွင့်မပေးဟူသော ဆုံးဖြတ်ချက်သည် “အူကြောင်ကြောင် နှင့် ခေတ်မမှီတော့ကြောင်း”ပြောဆိုကာ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးအား ဝင်ရောက်မစွက်ဖက်ရဟူသော အာဆီယမ်အဖွဲ့ကြီးသမိုင်းစဉ်ကို ထိန်းသိမ်းကာ မြန်မာနိုင်ငံ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အာဆီယမ်အဖွဲ့ကြီးအနေဖြင့် များများစားစား မလုပ်နိုင်ပါဟု ပြောဆိုခဲ့သည်။

ဖော်ပြပါ နမိတ်များအနက် မည်သည့်အရာကမှ ဒီမိုကရေစီဆီသို့ ချောမွေ့စွာ ပြောင်းလဲလိမ့်မည်ဟု မဖော်ပြခဲ့ပေ။ တချိန်တည်းတွင် အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုများသည် အကာအကွယ်မဲ့သော အခြေအနေတွင် ဆက်လက်ရှိနေ သေးသည်။ အပစ်အခတ်ရပ်ဆဲရေးအဖွဲ့များအား အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်၊ ဒေါ်အောင်ဆန်းစုကြည် တို့နှင့် ခပ်ကင်းကင်းနေရန် ဖိအားပေးခြင်း ခံနေရသည်။ နအဖသည် လမ်းများ ဖောက်ခြင်း၊ နယ်စပ်ဒေသများတွင် ၎င်းတို့တပ်များ ပိုမိုချထားခြင်း နှင့် နယ်မြေများ တစစ သိမ်းသွင်းခြင်းဖြင့် လက်နက်ကိုင်အတိုက်အခံအဖြစ် ဆက်လက်ရပ်တည်နေသော တိုင်းရင်းသားအဖွဲ့များကို ချိနဲ့အောင် ပြုလုပ်နေသည်။

၂၀၀၇ / ၈ ခုနှစ် နွေရာသီ အစပိုင်းတွင် နအဖသည် ၎င်း၏တပ်များအား ထိုင်းနယ်စပ်သို့ မကြုံစဖူး များပြားစွာ ပို့နေသည်ဟု အစီရင်ခံချက်များ ရှိခဲ့ပြီး၊ ကရင့်အမျိုးသားအစည်းအရုံး၊ အထွေထွေအအတွင်းရေးမှူး ဖဒိုမန်းရှာ မဲဆောက်တွင် လုပ်ကြံခံရသော ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် လုံခြုံရေးအခြေအနေ ပိုမိုဆိုးဝါးလာခဲ့သည်။ နှစ်ပေါင်းများစွာကြုံတွေ့နေရသော အင်အားမကောင်းလှသော ပဋိပက္ခကြောင့် နယ်စပ်ဒေသများအတွင်း နေထိုင်နေသူ ပြည်သူများ ဆက်လက်၍ အိုးအိမ်မဲ့ဘဝသို့ ရောက်ရှိနေနိုင်ပြီး၊ ထိုင်းနိုင်ငံသို့ ဒုက္ခသည်အသစ်များ တစစဆက်လက်ရောက်ရှိနေဦးမည်သာ ဖြစ်သည်။

ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည်လည်း မျှော်မှန်း၍ မရသော အခြေအနေတွင် ရှိနေဆဲဖြစ်သော်လည်း ဒီဇင်ဘာ ၂၃ ရက်နေ့ အထွေထွေရွေးကောက်ပွဲများအပြီး၊ ဖေဖော်ဝါရီလတွင် ဒီမိုကရက်တစ်အစိုးရတရပ်ဖွဲ့စည်းပြီးသည့်နောက်ပိုင်းတွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်။ အစိုးရအသစ်သည် ယခင်စစ်အစိုးရထက်ပို၍ နအဖ နှင့် နီးစပ်သော ဆက်ဆံရေးတည်ဆောက်လိမ့်မည်ဟု ကျယ်ကျယ်ပြန့်ပြန့် မျှော်လင့်ရသည်။